မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလဆန်း ၁၁ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်၊ စနေနေ့၊ အတွဲ(၄၉)၊ အမှတ်(၈၇)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယမန်နေ့ ညနေ ၃နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ် H.E.Mr. Hideo Watanabe ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

လက်ခံတွေ့ဆုံ

ထိုသို့ လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ် H.E.Mr. Hideo Watanabe ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Yasuaki Nogawa လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ် H.E.Mr. Hideo Watanabe အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးအကျိုးပြု မုံရွာခရိုင် ဗောဓိတစ်ထောင် ရေလှောင်တမံ



နေပြည်တော် ဒီဇင်ဘာ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် သီးနှံစိုက်ပျိုးထုတ်လုပ်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးတို့ကို ရှေးရှု၍ အချိန်တိုအတွင်း တည်ဆောက်ပြီးစီးနိုင်မည့် အသေးစား၊ အလတ်စား ဆည်များကို မိုးရွာသွန်းမှုနည်းပါးသော မြန်မာနိုင်ငံအလယ်ပိုင်းတစ်လျှောက် ဆက်တိုက်ဆိုသကဲ့သို့ တည်ဆောက်ကာ လစဉ်ဖွင့်လှစ်ပေးနေသည်ကို တွေ့မြင်ကြားသိနေရသည်။ *စာမျက်နှာ ၇ ကော်လံ ၃*

စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့နယ် ခတက္ကန်ကျေးရွာအနီး ရေထွက်ချောင်းကိုပိတ်၍ တည်ဆောက်ထားသော ဗောဓိတစ်ထောင် ရေလှောင်တမံနှင့် ရေထိန်းမျှော်စင်ကို သဘာဝအလှအပ ရှုခင်းတို့ဝန်းရံလျက် ဒီဇင်ဘာ ၁၄ရက်က ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်)

သတင်းခရီးသည် - ကျော်စိန်
ဓာတ်ပုံမှတ်တမ်း
အောင်သန်း (မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု
ဝင့်မာသွင် (မြန်မာ့အလင်း)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၆ရက်)

ရေသယံဇာတပစ္စည်းများ အရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းအသုံးချ

မြန်မာနိုင်ငံသည် သဘာဝကပေးစွမ်းသည့် ရေအရင်းအမြစ်၊ မြေအရင်းအမြစ်များ ကြွယ်ဝသောနိုင်ငံဖြစ်သည်။ နိုင်ငံ၏ကမ်းရိုးတန်းသည် ၂၈၃၂ ကီလိုမီတာရှည်လျားပြီး ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်းစသည့် မြစ်ကြီးလေးသွယ်ကိုပိုင်ဆိုင်ထားရာ ရေသယံဇာတများမှာ ထုတ်ယူသုံးစွဲ၍ မကုန်နိုင်အောင်ပင် ရှိသည်။

နိုင်ငံအတွင်း၌ လူဦးရေတိုးပွားလာသည့်အလျောက် ငါး၊ ပုစွန်စားသုံးမှုသည်လည်း တိုးတက်မြင့်မားလာရာ ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများသည်လည်း ဝယ်လိုအား မြင့်တက်လာခဲ့သည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် နိုင်ငံတော်တွင် သားငါးထုတ်လုပ်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ငါး၊ ပုစွန် မွေးမြူရေးကန်များ တိုးချဲ့တူးဖော် မွေးမြူထုတ်လုပ်ခြင်း၊ ပင်လယ်နှင့် သဘာဝ မြစ်ချောင်းများအတွင်း ရေချို၊ ရေငန်ငါး၊ ပုစွန်များကို သတ်မှတ်စည်းကမ်းများနှင့်အညီ တိုးတက်ဖမ်းယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်း၌ စားသုံးမှုဖူလုံကာ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိစေရေးအတွက်လည်း ပိုလျှံသည့် ငါး၊ ပုစွန်များကို ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ယခုအခါ ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများကို ပြည်တွင်းစားသုံးမှုအတွက်သာမက ပြည်ပသို့ ရောင်းချနိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ ခေတ်မီတိုးတက်သည့် အဆင့်မြင့် ငါးဖမ်းနည်းဆိုင်ရာပညာရပ်များကို လေ့လာဆည်းပူးနိုင်မည်ဆိုပါက ပြည်တွင်းပြည်ပသို့ ယခုထက် ကျယ်ကျယ်ပြန့်ပြန့် ပိုမိုတင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။

ပြည်တွင်းစားသုံးမှု ဖူလုံရေးနှင့်ပြည်ပသို့တင်ပို့နိုင်ရေးတို့အတွက် ရေရှည်ဖမ်းယူစားသုံးနိုင်ရေးကို ငါးလုပ်ငန်းဦးစီးဌာနက ဖော်ဆောင်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် သဘာဝရေပြင်များ၊ မြစ်ချောင်းများ၊ ဆည်များနှင့် ပင်လယ်ပြင်တို့တွင် ငါးသယံဇာတများ မျိုးစိုက်ထည့်ပေးခြင်း၊ ငါးရစ်တက်ချိန်နှင့် မျိုးပွားချိန်များတွင် ဖမ်းဆီးခြင်းမပြုရန် ဧရိယာနှင့် အချိန်ကာလသတ်မှတ်၍တားမြစ်ခြင်း၊ အရွယ်မရောက်သေးသည့် ငါးများအား ဖမ်းဆီးခြင်း၊ တရားမဝင်စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းမပြုရန် တားမြစ်ခြင်းတို့ကို ပညာပေး၊ စည်းရုံး ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ စားသုံးမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးရုံသာမက ပြည်ပဝင်ငွေ တိုးတက်ရရှိနိုင်ရေးအတွက်ပါ အထောက်အကူပြုသည့် ရေသယံဇာတ ငါး၊ပုစွန်များ ရေရှည်ထုတ်ယူ သုံးစွဲနိုင်ရေးအတွက် တိုင်းရင်းသား ပြည်သူများက နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းထိန်းသိမ်းသွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၆-၁၂-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၉)
၁၂း၀၀	၅။	မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင်
၁၃း၅၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၁၄း၀၀	၇။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား** (အပိုင်း-၅၃)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲ တူယှဉ်နွဲ
၄း၂၀	၄။	မြန်မာသံစဉ် ချိုနားဝင်
၄း၃၀	၅။	မျိုးချစ်တပ်မတော်
၄း၃၅	၆။	အမျိုးသားရေးတေးကဗျာ
၅း၀၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀	၈။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၁။	လျှပ်တစ်ပြက်
၆း၃၀	၁၂။	စားဖိုဆောင်ချစ်သူ
၆း၄၅	၁၃။	ထူးခြားဆန်းပြား ကမ္ဘာ့တစ်လွှား
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားမှတ်တမ်း** (အပိုင်း-၁)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	အင်္ဂလိပ်စာသုတ
	၂၀။	လူရွှင်တော်စတား
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **လူငယ်ပေါင်ချိန်** တတိယတွဲ (အပိုင်း-၄၀)

စုပေါင်းသန့်ရှင်း

ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးအတွက် ဝန်ထမ်းများ လမ်းဘေးဝဲယာ စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်နေခြင်းကို အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အထွေထွေဘဏ်လုပ်ငန်း သင်တန်းဖွင့်ပွဲကျင်းပ

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၂၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် ဘဏ်များကြီးကြပ်ရေး ကော်မတီက ကြီးမှူးဖွင့်လှစ်သော အထွေထွေဘဏ်လုပ်ငန်းသင်တန်း အမှတ်စဉ် (၁၅) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘဏ် သင်တန်းကျောင်း (ရန်ကုန်)မှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ဝါရင့်ဘဏ်ပညာရှင်များနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အထူးအလေးထား

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် ဘဏ်ဝန်ထမ်းများ၏ ဘဏ်လုပ်ငန်းအသိပညာ အရည်အသွေး မြင့်မားစေရန်နှင့် ဘဏ်များ၏ရေရှည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထွေထွေဘဏ်လုပ်ငန်းသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးနေခြင်း ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းတွင်ပို့ချပေးမည့် ဘဏ်လုပ်ငန်းဆိုင်ရာဥပဒေများ၊ ဘဏ်လုပ်ငန်းများနှင့် ဆက်နွှယ်နေသည့် စီးပွားရေးပညာရပ်များ၊ စာရင်းကိုင်နှင့် စာရင်းစစ်ဘာသာရပ်များ အစရှိသည့် ပညာဗဟုသုတများကို လက်တွေ့လုပ်ငန်းတွင် ပေါင်းစပ်အသုံးပြုနိုင်ရန် ကြိုးပမ်းအားထုတ် သင်ယူကြရမည်ဖြစ်ကြောင်း၊ ပညာဗဟုသုတ ဆည်းပူးလေ့လာရာတွင် အရေးပါသော ဆောင်ရွက်ရင်း လေ့လာ၊ လေ့လာရင်း ဆောင်ရွက်ဟူသည့် ဆောင်ပုဒ်အတိုင်း သက်ဆိုင်ရာ ဘဏ်လုပ်ငန်းကဏ္ဍနှင့် ငွေရေးကြေးရေးကဏ္ဍတို့ရှိ အဆင့်မြင့် ပညာရပ်များကို အထူးအလေးထား၍ လေ့လာသင်ယူကြရန် ဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် မှာကြားသည်။

လေ့လာဆည်းပူး

အဆိုပါ အထွေထွေဘဏ်လုပ်ငန်း သင်တန်းအမှတ်စဉ် (၁၅)တွင် နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ သင်တန်းသား သင်တန်းသူ ၄၃ဦးတို့သည် ရက်သတ္တ ၁၀ပတ်ကြာ ပို့ချမည့် ဘဏ်လုပ်ငန်းနှင့် ဆက်နွှယ်နေသည့် စီးပွားရေး ပညာရပ်များ၊ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာ ဥပဒေစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့် အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းဆိုင်ရာပညာ ဗဟုသုတများကို လေ့လာဆည်းပူးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက် အဆောက်အအုံသစ်

ရွှေတောင်မြို့နယ် နွားမယံကျေးရွာ၌ဖွင့်

ရွှေတောင် ဒီဇင်ဘာ ၂၅

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် နွားမယံကျေးရွာအုပ်စု နွားမယံကျေးရွာ ဘဝသစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၁ရက် နံနက်က အဆိုပါအဆောက်အအုံ သစ်ရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်

အဆောက်အအုံသစ်ကို ပဲခူးတိုင်း (အနောက်ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နွယ်လှိုင်၊ ပြည်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်နီလွင်အေး၊ ရွှေတောင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နွယ်နီခိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

ပေးအပ်

ဆက်လက်၍ စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင် အလှူငွေ ပေးအပ်ကြရာ ပဲခူးတိုင်း(အနောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နွယ်လှိုင်က စာအုပ်မျိုးစုံ အုပ် ၁၅၀၊ ငွေပဒေသာပင်အလှူငွေ ကျပ် ၁၀၀၀၀၊ ပြည်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်နီလွင်အေးက စာအုပ်မျိုးစုံ အုပ် ၁၀၀၊ ရွှေတောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နွယ်နီခိုင်က စာအုပ်မျိုးစုံ အုပ်၇၀တို့ကို ပေးအပ်ရာ နွားမယံကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်က လက်ခံယူသည်။

(မြို့နယ် ပြန်/ ဆက်)

အလယ်တန်းကျောင်းခွဲ

ပခုက္ကူမြို့နယ်၌ဖွင့်

ပခုက္ကူ ဒီဇင်ဘာ ၂၅

မကွေးတိုင်း ပခုက္ကူမြို့နယ် ပန်းတိုင်းခြံကျေးရွာ အလယ်တန်းကျောင်းခွဲဖွင့်ပွဲကို ဒီဇင်ဘာ ၂၀ရက် နံနက် ၉နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အမှာစကားပြောကြား

ထို့နောက် အလယ်တန်းကျောင်းခွဲကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဝင်းတင့်နှင့် မြို့နယ်ပညာရေးမှူး ဦးသောင်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မြို့နယ်အတွင်းရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းခွဲဖြစ်မြောက်ရေးကော်မတီနာယက၊ ကျေးရွာဥက္ကဋ္ဌ ကျောင်းအုပ်ကြီး ဒေါ်အမာကြည်နှင့် ရပ်မိရပ်ဖ ဦးညွန့်ဌေးတို့က အမှာစကားပြောကြားကြသည်။ (ဝ၇ဝ)

အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်နေမှု စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၅

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဒီဇင်ဘာ ၂၄ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် မြောင်းတကာဒေသရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း စက်ရုံ၏အဓိက Installation အပိုင်းများဖြစ်သော Amonia Plant၊ Urea Plant၊ Primary Reformer နှင့် Liquid Amonia Tank များ အကြီးစားတပ်ဆင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ချမှတ်ပေး

ထို့နောက် ဝန်ကြီးသည် စီမံကိန်းလုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ကျင်းပသည့် အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ) စီမံကိန်းနှင့် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ (ပုသိမ်)စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ အမှာစကားပြောကြားရာတွင် သတ်မှတ်ထားသည့် ကာလများအတွင်း အမှတ်(၄)နှင့် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံစီမံကိန်းများ အချိန်မီပြီးစီးရေးအတွက် အင်တိုက်အားတိုက်ဆောင်ရွက်နေရသည့် ကာလဖြစ်သည့်အလျောက် တာဝန်ယူရသည့် အပိုင်းအလိုက် တွန်းတွန်းတိုက်တိုက် ကြိုးပမ်းဆောင်ရွက်ရာတွင် Technically စေ့စပ်သေချာစွာ သက်ဆိုင်ရာ ပညာရှင်အဖွဲ့များဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သတ်မှတ်ကာလအတိုင်း အချိန်မီ ဓာတ်မြေသြဇာ ထုတ်လုပ်ထွက်ရှိရေးနှင့် ငွေကြေးသုံးစွဲမှုအပိုင်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျသုံးစွဲသွားရန်လိုအပ်ကြောင်းဖြင့်မှာကြားပြီး ဆက်လက်ဆောင်ရွက်ရမည့်အစီအစဉ်များကို ချမှတ်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်း ဒါရိုက်တာများက လက်ရှိဆောင်ရွက်နေမှု အခြေအနေများနှင့် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် ဝန်ကြီးသည် ဓာတ်မြေသြဇာစက်ရုံတည်ဆောက်ရေးစီမံကိန်း၌ ပါဝင်ဆောင်ရွက်လျက်ရှိသော ပြည်ပပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ ၂၀၀၉တွင် Panasonic နှင့် တိုရှီဘာကျော်ဝင်းပြခန်းများ ပါဝင်ပြသ

ရန်ကုန် ဒီဇင်ဘာ ၂၅

IEMS Company Limited သည် Nibban Electric & Electronics ၏ အဓိက ကူညီပံ့ပိုးမှုဖြင့် ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမတွင် အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ ၂၀၀၉ကို ခင်းကျင်းပြသလျက်ရှိရာ ပြပွဲတွင် Panasonic ရုပ်သံပစ္စည်းအမျိုးမျိုး၊ Plasmal LCD 65" မှ 19" ဆိုက်အထိ TV များနှင့် Audio များတွင် Blue-way Home Theater System, DVD Home Theater System စက်များ၊ Blue ray Player, Digital Still ဗီဒီယိုများအပြင် ရေအောက်တွင်ရိုက်ကူးနိုင်သည့် Lumix Digital ကင်မရာများ၊ အိမ်သုံးပစ္စည်းများအနေဖြင့် မီးအားကုန်ကျမှု သက်သာသော Inverter နည်းပညာသုံး လေအေးပေးစက်၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ စီးပွားရေးလုပ်ငန်းသုံးဆိုင်ရာ မြင်းကောင်ရေအကြီးစား လေအေးပေးစက်များ၊ Make in Japan တံခါးခြောက်ပေါက်၊ လေးပေါက် ရေခဲသေတ္တာ၊ Front Load အဝတ်လျှော်စက်၊ ရေပူရေအေး ရေချိုးစက်များနှင့် မီးဖိုချောင်သုံးပစ္စည်းများဖြစ်သည့် မိုက်ခရိုဝေ့ဗ်မီးဖို၊ ၁၅မိနစ် ထမင်းအမြန်ချက်နိုင်သည့် ထမင်းအိုးများ၊ ဖုန်စုပ်စက်၊ သစ်သီးဖျော်ရည်စက်၊ လျှပ်စစ်ရေနွေးအိုး၊ လျှပ်စစ်ပန်ကာများ၊ ကမ္ဘာ့ပထမဆုံး ၃၆၀ဒီဂရီပတ်လည် မီးပူတိုက်နိုင်သည့် ရေနွေးငွေ့မီးပူ အမျိုးအစားသစ်များကိုလည်း စတင်မိတ်ဆက် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဈေးနှုန်း

တိုရှီဘာကျော်ဝင်းပြခန်းမှ Singapore Original Brand Sony PS2, PSP, PS3,Microsoft မှ X Box 360 Game Console,Nitenclo မှ Wii, NDS, NDSI,Gameboy Sp,Gameboy Sp with Game များ၊ ဆက်စပ်ပစ္စည်းများ၊ အထူး Discount ဖြင့် ရောင်းချပေးနေခြင်း၊ P2 Console တစ်လုံးဝယ်ယူလျှင် ကျပ် ၇၀၀၀ တန် Mermory Card သို့မဟုတ် PS2 Controller Free Gift နှင့် ကျပ် ၁၅၀၀ တန် Original DVD PS2 Game ခွေအား Free Gift ပေးမည်ဖြစ်ကြောင်း၊ Sony PS2 စက်ဝယ်လျှင် ကျပ် ၂၅၀၀၀ တန် 8GB Memory Card Gift, ကျပ် ၇၀၀ တန် Crystal Cover သို့မဟုတ် Silicon Case Gift၊ ကျပ် ၂၀၀၀ တန် Screen Guard Gift၊ Game Free Download ပေးမည်ဖြစ်ကြောင်း HOTITEM Special Promotion Discount, Nitendo DS Console စက်ဝယ်ယူပါက ဈေးနှုန်းမှာ ကျပ် ၁၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။

ရောင်းချပေးမည်

အဆိုပါ ပစ္စည်းများကို ၁၀ရာခိုင်နှုန်း၊ ၁၅ရာခိုင်နှုန်းနှင့် ၂၀ရာခိုင်နှုန်း Discount ရောင်းပေးနေပြီး အဆိုပါ ပစ္စည်းများကို Toshiba Kyaw Win အရောင်းဆိုင်(၁) အမှတ်(၁၅၁၊ ၁၅၅) အနော်ရထာလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့် ရန်ကုန်မြို့ ဖုန်း-၃၈၅၅၃၁၊ ၂၄၅၃၅၉၊ ၀၉-၅၁-၇၀၇၈၄၊ ၀၉-၅၁-၇၈၆၇၀နှင့် ဆိုင်ခွဲ(၂)၊ (၃)တို့တွင် Special Discount နှင့် Warranty ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း၊ စက်ချွတ်ယွင်းက စက်အသစ် Change ပေးပြီး ဈေးနှုန်းသက်သာစွာဖြင့် Service မှ ပြုလုပ်ပေးမည်ဖြစ်သည်။

ဝယ်ယူနိုင်

ပြပွဲကို ဒီဇင်ဘာ ၂၇ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ခင်းကျင်းပြသမည်ဖြစ်၍ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှု လေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ ၂၀၀၉ကို ခင်းကျင်းပြသလျက်ရှိရာ **Panasonic** ပြခန်းနှင့် တိုရှီဘာကျော်ဝင်းပြခန်းများတွင် ကြည့်ရှုဝယ်ယူအားပေးသူများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

ဂမုန်းပွင့်ကုန်တိုက် အထူးဈေးရောင်းပွဲတော် ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

ဂမုန်းပွင့်ကုန်တိုက်၏ အထူးဈေးရောင်းပွဲတော်ကို စည်ကားစွာကျင်းပနေပြီ ဖြစ်သည်။ ဒီဇင်ဘာ၂၄ရက်မှ ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၄ရက်အထိ ကမ္ဘာအေးစေတီလမ်းရှိ ဂမုန်းပွင့် Shopping Mall အပါအဝင် ဆိုင်ခွဲအားလုံးတွင် အမျိုးသား၊ အမျိုးသမီး၊ ကလေးအဝတ်အထည်အမျိုးမျိုးကို ၅၀ ရာခိုင်နှုန်းအထိ ဈေးလျှော့ရောင်းချပေးနေပြီး Oasis, Kiddo, Toffy Sweet စသော လူငယ်ကြိုက် အဝတ်အထည်များကို ၁၀ ရာခိုင်နှုန်း လျှော့ဈေးဖြင့်လည်းကောင်း၊ Vanson, Luigi Batai, Valention Rudy, Venheusen, Pierre Cardin, Monza, Port Land အမျိုးသားဝတ်နာမည်ကြီး အမှတ်တံဆိပ်များကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ဈေးဖြင့်လည်းကောင်း ဝယ်ယူရရှိနိုင်သည့်အပြင် တစ်ထည်ဝယ်လျှင် တစ်ထည်ရနိုင်သော အခွင့်အရေးလည်း ပေးထားသည်။ ထို့အပြင် ငွေကျပ်တစ်သောင်းဖိုးအထက် ဝယ်ယူသူတိုင်း ၂၀၁၀ ခုနှစ် ဂမုန်းပွင့်ပြက္ခဒိန်လက်ဆောင်ရရှိနိုင်ပြီး အပတ်စဉ် ဖွင့်လှစ်နေကျ Lucky Draw အစီအစဉ်ကို TV၊ ရေခဲသေတ္တာ၊ DVD ဆုမဲများတိုးချဲ့၍ ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၅ရက်တွင် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

စားသုံးနိုင်

အထူးအစီအစဉ်အနေဖြင့် ကမ္ဘာအေး ဂမုန်းပွင့် Shopping Mall ရှေ့ကားရပ်ရန်နေရာတွင် ဆိုင်ပေါင်း (၃၀)ကျော် ဖွင့်လှစ်ပြီး စားသောက်ကုန်၊ လူသုံးကုန်စုံလင်စွာ ရောင်းချပေးလျက်ရှိရာ မြန်မာ့ရိုးရာ၊ ရှမ်းရိုးရာနှင့် ထိုင်းအစားအစာများကို တစ်နေရာတည်းတွင် စုံလင်စွာ စားသုံးနိုင်ကြသည်။

စိတ်ဝင်စားဖွယ်

ထို့အပြင် ဒီဇင်ဘာ ၂၅၊ ၂၆၊ ၂၇၊ ၃၁ ရက်နှင့် ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၂၊ ၃၊ ၄ ရက်များတွင် Model Show, Product Show၊ လူရွှင်တော်များ၏ ဟာသများ၊ အဆိုတော်များ၏ တေးသံသာများဖြင့် ဖျော်ဖြေပေးမည်ဖြစ်ပြီး ကလေးအထူးအစီအစဉ်အနေဖြင့် စိတ်ဝင်စားဖွယ် Game များလည်း ထည့်သွင်းပေးထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲသို့ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၂၅

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၁ရက် နံနက် ၇ နာရီခွဲတွင် တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

နှုတ်ဆက်အားပေး

ယင်းနောက် တိုင်းမှူးသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ ကျင်းပသည့် အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ကိုယ်ဝန်ဆောင်အမျိုးသမီးများ သိုင်းရွိုက်ဟော်မုန်းအခြေအနေ ပုံမှန်စစ်ဆေးသင့်

အမျိုးသမီးများ ကိုယ်ဝန်ရင့်မာချိန်၌ သိုင်းရွိုက်ဟော်မုန်း နည်းပါးခြင်းကြောင့် ကလေးငယ်၏ ဦးခေါင်းလှည့်မှုအနေအထား ပုံမှန်မဖြစ်ဘဲ မွေးဖွားချိန်တွင် ချောမောစွာဖွားမြင်ရန် ပြင်ပအကူအညီ လိုအပ်ကြောင်း လေ့လာတွေ့ရှိရသည်။

တွေ့ရတတ်

သိုင်းရွိုက်ဟော်မုန်း နည်းပါးခြင်းကို ကိုယ်ဝန်ဆောင်မိခင် ၁၀ဦးလျှင် တစ်ဦးခန့် တွေ့ရတတ်သဖြင့် ကိုယ်ဝန်ပျက်ခြင်း၊ အချိန်စေ့၍ လမစေ့မီမွေးဖွားခြင်းနှင့် ကိုယ်ဝန်အဆိပ်တက်ခြင်းများ ဖြစ်လေ့ရှိသည်။

ထိုသို့သော မိခင်လောင်းများကို မွေးဖွားပေးရခြင်းအတွက် ပိုမိုအချိန်ကြာပြီး ခက်ခဲသည့်အပြင် ညှပ်နှင့် လေစုပ်၍ ဆွဲထုတ်သည့် ကိရိယာအသုံးပြုခြင်း သို့မဟုတ် ဗိုက်ခွဲမွေးရခြင်းများ လိုအပ်လာတတ်သည်ဟုဆို၏။

ပုံမှန်စစ်ဆေး

ထို့ကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ မမွေးဖွားမီ သိုင်းရွိုက်ဟော်မုန်း နည်းမနည်းကို ပုံမှန်စစ်ဆေးရန်လိုအပ်သည်ဟု သိပ္ပံပညာရှင်များက ယူဆသည်။ ။

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအကြို ဗိုလ်လုပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၅

၂၀၀၉ ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) အားကစားကွင်း၌ ကျင်းပသည်။

အနိုင်ရရှိ

ပထမအကြိုဗိုလ်လုပွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းက တပ်မတော်(ရေ)အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရက္ခိုင်မောင်မယ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၅

ရက္ခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် အလုပ်အမှုဆောင်သစ် ရွေးချယ်ပွဲကို ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂နာရီခွဲတွင် ဧည့်ဝတီသာသနာပြုကျောင်းတိုက် ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ မပျက်မကွက်တက်ရောက်ကြရန်နှင့် စိတ်ပါဝင်စားသူ မည်သည့်မောင်မယ်များမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ယီမင်နိုင်ငံ မြောက်ပိုင်းဒေသများ ဆော်ဒီလေကြောင်းမှ ထပ်မံတိုက်ခိုက်

ရီယတ် ဒီဇင်ဘာ ၂၅

ဆော်ဒီအာရေဗျ ဂျက်တိုက်လေယာဉ်များသည် ယီမင်နိုင်ငံမြောက်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှုများ ထပ်မံပြုလုပ်နေကြောင်း၊ ရှီးယိုက်တိုက်ခိုက်ရေးသမားများနှင့် တိုက်ခိုက်မှုများပြီးဆုံးသွားပြီဟု ဆော်ဒီအာရေဗျက ကြေညာခဲ့ပြီးနောက် ယင်းကဲ့သို့ လေကြောင်းမှတိုက်ခိုက်မှုများ ထပ်မံပြုလုပ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ကြေညာ

ဆော်ဒီတပ်ဖွဲ့ဝင်များသည် မြောက်ပိုင်းရှိဒေသများကို ဒုံးကျည်များဖြင့် အချက်ပေါင်း ၉၀၀ကျော် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟုလည်း ကြေညာချက်၌ ဖော်ပြထားသည်။

တိုက်ခိုက်

ယီမင်နိုင်ငံမြောက်ပိုင်းကို ဆော်ဒီအာရေဗျတိုက်ခိုက်မှုသည် ယခုအခါပြီးဆုံးသွားပြီဖြစ်ကြောင်း ဆော်ဒီအာရေဗျ ဒုတိယကာကွယ်ရေးဝန်ကြီး မင်းသားခါလက်ဘင်ဆူလတန်က ပြောကြားနေစဉ်၌ပင် ယင်းသို့လေကြောင်းတိုက်ခိုက်မှုများ ရုတ်တရက်ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု သိရသည်။ **(အင်တာနက်)**



အင်ဂျင် ထုတ်လုပ်စက်ရုံ

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ် အနောက်ပိုင်း ကာရာဝန် ဒေသရှိ ဟွန်ဒါ မော်တော်ကား အင်ဂျင်ထုတ်လုပ်သည့်စက်ရုံ၏ လုပ်ငန်းခွင် တစ်နေရာကို ဒီဇင်ဘာ ၂၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီဂျစ်ဘုရင်မကြီးနီဖာတီတီ၏ ရုပ်တုပြန်လွှဲပြောင်းရန် အီဂျစ်တောင်းဆိုချက်ကို ဂျာမနီလက်မခံဘဲငြင်းပယ်

ဘာလင် ဒီဇင်ဘာ ၂၅

လွန်ခဲ့သည့်နှစ်ပေါင်း ၃၃၀၀က အီဂျစ်ဘုရင်မကြီး နီဖာတီတီ၏ ကိုယ်တစ်ပိုင်းပုံရုပ်တုကို ပြန်ပေးရန် အီဂျစ်နိုင်ငံ၏ မေတ္တာရပ်ခံချက်အပေါ် ဂျာမနီနိုင်ငံက လက်မခံဘဲ ငြင်းပယ်ခဲ့သည်။ ယင်းအီဂျစ်ဘုရင်မကြီး နီဖာတီတီ၏ကိုယ်တစ်ပိုင်းပုံရုပ်တုသည် လွန်ခဲ့သည့်ရာစုနှစ် တစ်ခုနီးပါးက ပရပ်ရှားနိုင်ငံမှ တရားဝင်ရယူခဲ့ခြင်းဖြစ်သည်ဟု ဂျာမနီအစိုးရအရာရှိများက ပြောကြားကာ ယင်းကဲ့သို့ ငြင်းပယ်လိုက်ခြင်းဖြစ်သည်။

မသိကျိုးကျွန်

ယင်းပစ္စည်းပြန်လည်ရရှိရေးအတွက် အီဂျစ်အစိုးရက ၁၉၃၀ပြည့်နှစ်မှစ၍ ထပ်ခါတလဲလဲ မေတ္တာရပ်ခံတောင်းဆိုခဲ့ခြင်းကို ဂျာမနီအစိုးရအဆက်ဆက်က မသိကျိုးကျွန်ပြုခဲ့သည်ဟု ဆိုသည်။

ရုပ်ဖျက်ထား

ဂျာမနီရှေးဟောင်းသုတေသနပညာရှင် လုဒ်ဝစ်ဘောချတ်က ယင်းပစ္စည်းကို ရွှံ့စေး၊မြေစေးတို့ဖြင့် သုတ်လိမ်းဖုံးအုပ်ကာ ရုပ်ဖျက်ထားခဲ့ကြောင်းဖြင့်လည်း အီဂျစ်ရှေးဟောင်းပစ္စည်းများဆိုင်ရာ တာဝန်ရှိသူ ဇာဟီဟာဝပ်စ်က ပြောကြားသည်။ (အင်တာနက်)

ပါရှားပင်လယ်ကွေ့တွင် အီရန်နှင့်အိုမန် ပူးတွဲစစ်ရေးလေ့ကျင့်

တီဟီရန် ဒီဇင်ဘာ ၂၅

အီရန်နိုင်ငံတောင်ပိုင်းပါရှားပင်လယ်ကွေ့၌ အီရန်နှင့်အိုမန်နှစ်နိုင်ငံ ရေတပ်ပူးတွဲကယ်ဆယ်ရေး စစ်ရေးလေ့ကျင့်မှုကို ဒီဇင်ဘာ ၂၂ရက်မှစတင်ကာ နှစ်ရက်ကြာပြုလုပ်ခဲ့ကြောင်း အီရန်ရေတပ်အကြီးအကဲ၏ ပြောကြားချက်ကို (အိုင်အာရ်အင်န်အေ) သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ပူးပေါင်းဆောင်ရွက်

အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် ရေတပ်နှင့်လေကြောင်းတပ်ဖွဲ့ဝင်များပါဝင်ကြောင်း သတင်း၌ပါရှိသည်။ အီရန်နှင့် အိုမန်အိမ်နီးချင်းနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ယခုအကြိမ်သည် ပထမအကြိမ်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂါဇာကိုအလုံးအရင်းဖြင့် တိုက်ဦးမည်ဟု အစ္စရေးနိုင်ငံ ခြိမ်းခြောက်

တဲလ်အဗစ် ဒီဇင်ဘာ ၂၅

အစ္စရေးနိုင်ငံသည် ဂါဇာကမ်းမြောင်ဒေသကို နောက်ထပ်အလုံးအရင်းဖြင့် ထိုးစစ်ဆင်တိုက်ခိုက်ရန် ခြိမ်းခြောက်လာပြန်ကြောင်း၊ ဇန်နဝါရီထိုးစစ်ကြောင့် ညက်ညက်ကြေခဲ့ရသည့် လူသူအရောက်အပေါက်နည်းသော ဂါဇာကမ်းမြောင်ဒေသရှိ ဆင်းရဲနွမ်းပါးသည့် ပြည်သူများ အနေဖြင့် ဒုက္ခရောက်နေရချိန်တွင် ယင်းကဲ့သို့ ခြိမ်းခြောက်ခဲ့ခြင်းဖြစ်သည်ဟု ပရပ်စ်တီဗွီ သတင်းဌာနက ဖော်ပြသည်။

ကြဲချ

ဂါဇာကမ်းမြောင်ဒေသ ကမ်းခြေအစတွင် အခြေစိုက်စခန်းချနေသည့် ခုခံရေးတိုက်ပွဲဝင်များနှင့် ပူးပေါင်းခြင်းမပြုရန် ပါလက်စတိုင်းပြည်သူတို့အား သတိပေးထားသော လက်ကမ်းစာစောင်ထောင်သောင်းများစွာကို အစ္စရေးလေယာဉ်များက ဂါဇာကမ်းမြောင်ဒေသတစ်ခွင်၌ ကြဲချနေကြောင်းလည်း သိရသည်။

ပြုလုပ်သွား

ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးတို့ ၂၂ရက်ကြာ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ခြင်း၏ ပထမအကြိမ် နှစ်ပတ်လည်နေ့မတိုင်မီတွင် ဂါဇာကမ်းမြောင်ဒေသကို နောက်ထပ်တိုက်ခိုက်မှုများ ပြုလုပ်သွားမည်ဖြစ်သည်ဟု ဆိုသည်။

သတိပေး

အဆိုပါ တိုက်ခိုက်မည့် အစီအစဉ်ကို လက်ကမ်းစာစောင်တွင် ခြိမ်းခြောက်သတိပေးထားသည်ဟုလည်း သိရသည်။

ဒဏ်ရာရ

အစ္စရေးနိုင်ငံသည် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင် ဂါဇာကမ်းမြောင်ဒေသကို စစ်ရေးအရအလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့ရာ စုစုပေါင်း လူ ၁၄၀၀ သေဆုံးခဲ့ရသည်။ အခြားလူထောင်ပေါင်းများစွာတို့လည်း ဒဏ်ရာရခဲ့သည်။ ***(အင်တာနက်)***

တရုတ်နိုင်ငံ ဟေလုံကျန်ပြည်နယ်ရှိ ဆီးနှင်းရေခဲပြတိုက်တွင် ကမ္ဘာလှည့်ခရီးသည်များဖြင့် စည်ကားနေသည်ကို ဒီဇင်ဘာ ၂၄ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

တူရကီ၌ မြန်နှုန်းမြင့်ရထားလမ်းများ ဖောက်လုပ်ရေး အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံ မြှုပ်နှံမည်

အင်ကာရာ ဒီဇင်ဘာ ၂၅

တူရကီနိုင်ငံတွင် ၂၀၁၀ခုနှစ်အတွင်း မြန်နှုန်းမြင့်ရထားများအတွက် အဓိကထားကာ ရထားလမ်းများ တိုးချဲ့ဖောက်လုပ်ရေးတွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံ ရင်းနှီးမြှုပ်နှံရေးကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အနာတိုလီယာသတင်းဌာနက ဒီဇင်ဘာ ၂၄ရက်၌ သတင်းထုတ်ပြန်သည်။

တူရကီနိုင်ငံ မြို့တော်အင်ကာရာမှ အက်ကီဆာပြည်နယ်သို့ ဆက်သွယ်ထားသည့်တူရကီနိုင်ငံ၏ ပထမဆုံး မြန်နှုန်းမြင့်ရထားလမ်း တိုးချဲ့ဖောက်လုပ်လျက်ရှိကြောင်း တူရကီရထားအာဏာပိုင်အဖွဲ့ အကြီးအကဲ ဆူလေမန်ကာရာမန်က ပြောကြားသည်။

အစ္စတန်ဘူလ်မြို့မှ အက်ကီဆာပြည်နယ်သို့ မြန်နှုန်းမြင့်ရထားခရီးစဉ်ကို ၂၀၁၂ ခုနှစ်ကုန် သို့တည်းမဟုတ် ၂၀၁၃ ခုနှစ်ကုန်တွင် စတင်နိုင်မည်ဟုမျှော်လင့်ကြောင်း၊ အင်ကာရာမှ ကွန်ရာမြို့သို့ ဆက်သွယ် ဖောက်လုပ်ထားသည့် မြန်နှုန်းမြင့်ရထားလမ်းမှာလည်း ၂၀၁၀ ခုနှစ်ကုန်၌ ပြီးစီးမည်ဖြစ်ကြောင်း ၄င်းက ထပ်လောင်းပြောကြားသည်။

မြန်နှုန်းမြင့်ရထား

မြန်နှုန်းမြင့်ရထားလမ်းတည်ဆောက်မှုစီမံကိန်းပြီးစီးသွားပါက ခြောက်နာရီခွဲကြာသွားရသည့် အင်ကာရာ-အစ္စတန်ဘူလ်ခရီးကို သုံးနာရီဖြင့်အရောက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဘဂ္ဂဒက်၌ ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား လေးဦးသေဆုံး၊ ၃၆ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဒီဇင်ဘာ ၂၃ရက်က ဖြစ်ပွားသော သီးခြားဗုံးခွဲတိုက်ခိုက်မှုများ၌ လေးဦးသေဆုံးပြီး ၃၆ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ ဘဂ္ဂဒက်မြို့အရှေ့ပိုင်း အယ်မာ့ရှ်တယ်လ်ဒေသ၌ လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး ၂၈ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဘဂ္ဂဒက်မြို့အလယ်ပိုင်း ကာရာဒက်ဒေသ၌လည်း ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂါဇာကမ်းမြောင်သို့ မှန်များပို့ပေးရေးအစ္စရေးက ခွင့်ပြု

ဂျီနီဗာ ဒီဇင်ဘာ ၂၅

ဂါဇာကမ်းမြောင်ဒေသတွင် လွန်ခဲ့သည့်နှစ်က ဖြစ်ပွားခဲ့သော တိုက်ပွဲများအတွင်း ပျက်စီးယိုယွင်းသွားခဲ့သော အိုးအိမ်တိုက်တာများကို ပြင်ဆင်ရန် ကုလသမဂ္ဂ၏ မေတ္တာရပ်ခံချက်အရ အစ္စရေးနိုင်ငံက ဂါဇာသို့ အိမ်သုံးမှန်များ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ထုတ်ဖော်ပြောကြား

ဤသို့ ခွင့်ပြုလိုက်ခြင်းသည် ဂါဇာဒေသသို့ အခြားအရေးတကြီးလိုအပ်သည့်ပစ္စည်းများ သွင်းခွင့်ပေးနိုင်ရန် လမ်းခင်းပေးလိုက်ခြင်းဖြစ်သည်ဟု မျှော်လင့်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဒီဇင်ဘာ ၂၄ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အစ္စရေးတို့က ဂါဇာဒေသကို ရက်သတ္တသုံးပတ်ကြာ ထိုးစစ်ဆင်တိုက်ခိုက်မှု စတင်ချိန်မှစပြီး တစ်နှစ်နီးပါးကြာမြင့်ခဲ့ပြီဖြစ်သည်။ ဂါဇာတွင် စစ်သွေးကြွများ၏ ဒုံးကျည်ဖြင့် တိုက်ခိုက်မှုများ အဆုံးသတ်ရေးအတွက် ရည်ရွယ်၍ အစ္စရေးတို့က ထိုတိုက်ပွဲကို ဆင်နွှဲခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ **(အင်တာနက်)**

အပျက်အစီး

ပါကစ္စတန်နိုင်ငံ ခိုင်ဘာဒေသ အနောက်မြောက်ပိုင်း ဆက်ဒိုခဲယ်မြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပက်ရှ်ဝါမြို့ စစ်ဆေးရေးဂိတ်၌ ဗုံးပေါက်ကွဲ အရပ်သား လေးဦးသေဆုံး

ကရာချိ ဒီဇင်ဘာ ၂၅

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့ရှိ လုံခြုံရေးတပ်ဖွဲ့ စစ်ဆေးရေးဂိတ်အနီး၌ ဒီဇင်ဘာ ၂၃ရက်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သားလေးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့၏ပြောကြားချက်ကို ပရက်စ်တီဗွီသတင်းဌာနက ကြေညာသည်။

ပစ်မှတ်ထား

ဒဏ်ရာရရှိသူများအား ပြည်နယ်ဆေးရုံသို့ အရေးပေါ်ပို့ဆောင်ပေးခဲ့သည်။ ထိုမြို့၌ လွန်ခဲ့သည့်ရက်ပိုင်းအတွင်း သတင်းဌာနအဆောက်အအုံကို ပစ်မှတ်ထားကာ ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် လေးဦးသေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိခဲ့သည်။

ဆင်နွှဲ

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းမှ တာလီဘန်စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကို နှိမ်နင်းရေးအတွက် ပါကစ္စတန်တပ်ဖွဲ့က စစ်ဆင်ရေးများ ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်ခွင် ၂၀၀၉ ခုနှစ်ကို သတင်းအနှစ်ချုပ်ရပါလျှင်....

ဤအချိန်ကာလသည် ၂၀၀၉ခုနှစ် နှစ်ဟောင်းကုန်၍ ၂၀၁၀သို့ နှစ်သစ်ကူးတော့မည့် အခါသမယဖြစ်သည်။ ၂၀၀၉ ခုနှစ်သည် ဆယ်စုနှစ်အတန်ကြာအတွင်း၌လည်းကောင်း၊ ၂၁ရာစု၏ ပထမ ဆယ်နှစ်အတွင်းတွင်လည်းကောင်း ထူးခြားသည့်နှစ်ဖြစ်သည်-

မြန်မာ့အလင်း ဘာသာပြန်စာတည်းအဖွဲ့ စုစည်းရေးသားသည်

(ယမန်နေ့မှအဆက်)

ရုပ်ရှင်ထူးချွန်ဆုများချီးမြှင့်

(၆၆)နှစ်မြောက် ရုပ်ရှင်ရွှေကမ္ဘာလုံး ဆုချီးမြှင့်ပွဲကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဘာဗာလီဟီးလ်တွင် ဇန်နဝါရီ၁၀ရက်ညချမ်းကကျင်းပသည်။

Slumdog Millionaire ရုပ်ရှင်ဇာတ်ကားက အကောင်းဆုံးဒရာမာ ရုပ်ရှင်ဇာတ်ကားဆုရရှိသည်။ တေးဂီတနှင့် ဟာသဇာတ်မျိုး အကောင်းဆုံးဇာတ်ကားဆုကို Vieky Cristina Barer lona ရုပ်ရှင်ဇာတ်ကားကရရှိသည်။ အကောင်းဆုံး ဒါရိုက်တာဆုကို Slumdog Millionaire ရုပ်ရှင်ဇာတ်ကား ရိုက်ကူးသူ ဒါရိုက်တာ Danny Boyleက ဆွတ်ခူးလိုက်သည်။ အကောင်းဆုံးအမျိုးသားသရုပ်ဆောင် ဒရာမာဆုကို The Wrestler ရုပ်ရှင်ဇာတ်ကား၌ သရုပ်ဆောင်သူ Miekey Rourke က ရရှိသည်။

ရွှေကမ္ဘာလုံးဆု ဒါရိုက်တာဆု

Slumdog Millionaire ရုပ်ရှင် ဇာတ်ကား ရိုက်ကူးသူ ဒါရိုက်တာ Danny Boyle ဆုယူအပြီး တွေ့ရစဉ်။

Slumdog Millionaire ရုပ်ရှင်ကားမှ သရုပ်ဆောင်များ အော်စကာဆုယူအပြီး တွေ့ရသည်မှာ....။

အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင် ဒရာမာဆုကို Revolutionary Road ဇာတ်ကား၌ သရုပ်ဆောင်သူ မင်းသမီး Kate Winslet က ဆွတ်ခူးသည်။ သူသည် The Reader ဇာတ်ကားမှ အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆုကိုလည်း ထပ်မံဆွတ်ခူးလိုက်သည်။ တစ်နှစ်တည်းတွင် ရွှေကမ္ဘာလုံးဆုနှစ်ဆုကို တစ်ဦးတည်းက ရရှိခြင်းမှာ ဤရွှေကမ္ဘာလုံးဆု ချီးမြှင့်သည့် သမိုင်းတွင် Kate Winslet သည် ပထမဆုံး ထူးချွန်ရုပ်ရှင်ပညာသည် ဖြစ်သည်။

အော်စကာဆု

အလားတူ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ရှိ ကိုဒတ် ကဇာတ်ရုံကြီးတွင် ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၂၂ရက် ညဦးပိုင်းက ရုပ်ရှင်အော်စကာဆုချီးမြှင့်ပွဲ ကျင်းပသည်။ ယခုနှစ် အော်စကာဆုချီးမြှင့်ပွဲတွင် Slumdog Millionaire ရုပ်ရှင်ဇာတ်ကားက အော်စကာဆု ရှစ်ဆုကို တစ်ပွေ့တစ်ပိုက်ကြီး သိမ်းယူလိုက်သည်။ ဤဇာတ်ကားသည် သမားရိုးကျ ဇာတ်လမ်း ဇာတ်ကွက် ရိုက်ရိုးရိုက်စဉ်နှင့်မတူ တစ်မူထူးသည်ဟု သိရသည်။ ဤရုပ်ရှင်ကားကို မွမ်ဘိုင်းမြို့ ဆင်းရဲသားရပ်ကွက်၏ မထင်မရှားဘဝမှ ရုပ်မြင်သံကြား အကျော်ဇေယျ မင်းသားဘဝသို့ တက်လှမ်းအောင်မြင်သွားသည့် လူငယ်တစ်ဦး၏ ဘဝကို ဇာတ်လမ်းဆင် တင်ဆက်ထားခြင်းဖြစ်သည်။

ကမ္ဘာ့အသက်အကြီးဆုံးလူသား

အသက်အကြီးဆုံး လူသား

အသက် ၁၂၉နှစ်ရှိ ကမ္ဘာ့ အသက်အကြီးဆုံး လူသား အိုတူတီယူဆူပို၀ါ။

ကမ္ဘာ့အသက်အကြီးဆုံး လူသားမှာ အသက် ၁၂၉နှစ်အရွယ်ရှိပြီဖြစ်သော အဘွား အိုတူတီယူဆူပို၀ါဖြစ်သည်။ သူမသည် ဥဇဘတ်ကစ္စတန်နိုင်ငံ ကာရာကယ်ပါကစ္စတန်ဒေသတွင် မထင်မရှားနေထိုင်သည်။ အဘွား၏ မွေးနေ့သက္ကရာဇ်မှာ ၁၈၈၀ခုနှစ် ဇူလိုင် ၁ရက်ဖြစ်သည်။ ၂၀၀၉ခုနှစ် ဇန်နဝါရီ၂၈ရက်က အသက်ရာကျော်အဘိုးအဘွားများအား စာရင်းကောက်ယူရင်း အဘွားကို အမှတ်မထင် မှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဂြိုဟ်တုနှစ်လုံးတိုက်မိ

အမေရိကန် ဆက်သွယ်ရေးဂြိုဟ်တု (အီရီဒီယံ)နှင့် ရုရှားစစ်ဘက်ထောက်လှမ်းရေးဂြိုဟ်တု (ကော့စမော ၂၂၅၁) တို့သည် ဆိုက်ဘေးရီးယားဒေသ၏အထက် မိုင် ၅၀၀ အမြင့်ရှိသည့် ကမ္ဘာ့ပတ်လမ်းကြောင်းတွင် ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁၇ရက် ညနေ ၅ နာရီက တိုက်မိခဲ့ကြသည်။ အပိုင်းအစများ လွင့်စဉ်ကုန်သဖြင့် ကမ္ဘာမြေမှ လွှတ်တင်ထားသည့် နိုင်ငံတကာ အာကာသစခန်းယာဉ်နှင့်တကွ အခြားအာကာသယာဉ်များကိုပါ ခြိမ်းခြောက်လျက်ရှိသည်။ ရုရှားကော့စမော ၂၂၅၁ ဂြိုဟ်တုကို ၁၉၉၃ ခုနှစ်က လွှတ်တင်သည်။ အလေးချိန် တစ်တန်ရှိပြီး မြေပြင်အထက်မိုင် ၄၉၀မှ တစ်နာရီ မိုင်၁၇၀၀၀ ဖြင့် ပျံသန်းသည်။ အမေရိကန် အီရီဒီယံဂြိုဟ်တုကို ၁၉၉၇ ခုနှစ်က လွှတ်တင်သည်။ အလေးချိန် ပေါင် ၁၅၀၀ ရှိပြီး မြေပြင်အထက် ၄၈၅ မိုင်မှ တစ်နာရီ ၁၇၈၄၂ မိုင်နှုန်းဖြင့် ရွေ့လျားပျံသန်းသည်။ ဂြိုဟ်တုနှစ်လုံးစလုံးသည် ကမ္ဘာကိုနှစ်နာရီလျှင် တစ်ပတ်ပတ်လျက် ရှိသည်။ ပထမဆုံး စပွန်းနစ်ဂြိုဟ်တု အာကာသအတွင်း စတင်လွှတ်ပြီး နှစ်၅၀ ကျော်အကြာတွင် အာကာသအတွင်း ဂြိုဟ်တုနှစ်လုံး တိုက်မိခြင်းမှာ ပထမဆုံး အကြိမ်ဖြစ်သည်။

A(H1N1) တုပ်ကွေးရောဂါ

မက္ကဆီကိုနိုင်ငံတွင် A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားကြောင်း ၂၀၀၉ ခုနှစ် ဧပြီ ၁၃ရက်တွင် စတင်သိရသည်။ ထိုအချိန်အထိ ထိုရောဂါဖြစ်ပွားသူ မည်မျှရှိ၍ မည်သို့ဖြစ်သည်ကို အစိုးရက မသိဟုဆိုသည်။ အမှန်မှာ အသက်လေးနှစ်အရွယ်ကလေးငယ်တစ်ဦး ဧပြီ ၂ရက် မတိုင်မီကပင် ထိုရောဂါကူးစက်နေပြီဖြစ်ကြောင်း စစ်ဆေးတွေ့ရသည်ဟု မက္ကဆီကို ကျန်းမာရေးဝန်ကြီး ဟိုဆေးကော်ဒိုဗာက ပြောကြားသည်။ အဆိုပါကလေးငယ်နေထိုင်သည့် ဗီရာခရုပြည်နယ်တွင် ဝက်ခြံကြီးတစ်ခြံမှ ပတ်ဝန်းကျင် ညစ်ညမ်းမှုကြောင့် ဒေသခံပြည်သူတို့က ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ဝက်တုပ်ကွေးရောဂါဟု အစပိုင်းတွင် နာမည်ကြီးခဲ့သော ယခု A(H1N1) တုပ်ကွေးရောဂါသည် မက္ကဆီကိုနိုင်ငံမှ အမေရိကန်ပြည်ထောင်စုနှင့်တကွ တစ်စတစ်စ ပျံ့နှံ့လာရာ ကမ္ဘာ့တိုက်ပေါင်းစုံမှ နိုင်ငံစုံသလောက်ရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို) အနေဖြင့် ကျန်းမာရေးသတိပေးမှု အဆင့်ဆင့်တိုးမြှင့်ဆော်ဩလာရသည်အထိ ဖြစ်ခဲ့သည်။ ထိုရောဂါဖြင့် သေဆုံးသူ ကမ္ဘာ့တစ်ဝန်းတွင် ၁၁၅၁၆ဦးရှိပြီဟု သိရသည်။

မက္ကဆီကိုနိုင်ငံ၌ ကလေးငယ်တစ်ဦးအား A(H1N1) တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးပေးစဉ်။

(အင်တာနက်)

(ဆက်လက်ဖော်ပြပါမည်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ-စုစည်းရေးသားသည်

ချီလီကလေးငယ် ၇၅ဒသမ ၃ရာခိုင်နှုန်း အိမ်တွင်းအကြမ်းဖက်ခံနေရ

ချီလီကလေးငယ် ၇၅ဒသမ ၃ ရာခိုင်နှုန်းခန့်သည် အိမ်တွင်းအကြမ်းဖက်မှု ဒဏ်ကိုခံနေကြရသည့် သားကောင်များဖြစ်နေသည်ဟု ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က ဒီဇင်ဘာ ၂၄ရက်တွင် သတင်းထုတ်ပြန်သည်။

ဗျူနို့အေရိစ်တွင် မိုးကြီးပြီးရေလျှံ

အာဂျင်တီးနားနိုင်ငံမြို့တော် ဗျူနို့အေရိစ်တွင် ဒီဇင်ဘာ ၂၄ ရက် စောစောပိုင်းက မိုးသည်းထန်စွာရွာသွန်းသဖြင့် လမ်းနှင့်အိမ်များတွင် ရေလျှံသွားသည်။ ***(အောက်ပုံ)***

အာဖဂန်၌ မြေမြှုပ်ဗုံးပေါက်ကွဲ နှစ်ဦးသေဆုံး

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ပက်တီကာပြည်နယ်တွင် အရပ်သားနှစ်ဦးစီးလာသောကားမှာ စစ်သွေးကြွများထောင်ထားသည့် မြေမြှုပ်ဗုံးပေါက်ကွဲထိမှန်သဖြင့် အဆိုပါ အရပ်သားနှစ်ဦး သေဆုံးသွားကြောင်း အာဖဂန်နစ္စတန် ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

၂၀၁၀ကမ္ဘာ့ဖလားကုန်စည်ပြပွဲ ရုရှားပါဝင်ပြသမည်

၂၀၁၀ကမ္ဘာ့ကုန်စည်ပြပွဲအတွက် ကြိုတင်ပြင်ဆင်ထားသော ရုရှားပြခန်းတရားဝင်ဝက်ဘ်ဆိုက်ကို ဒီဇင်ဘာ ၂၄ရက်က ထုတ်လွှင့်ပြသလိုက်ပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့ ထုတ်လွှင့်ပြသခြင်းသည် ထို၂၀၁၀ကမ္ဘာ့ကုန်စည်ပြပွဲကြီး၌ ရုရှားပါဝင်မည်ကို ထောက်ခံအားပေးကြောင်း ပြသလိုက်ခြင်းပင်ဖြစ်သည်။

အင်အားကြီးနိုင်ငံများ၏ နျူလက်နက် ကမ္ဘာ့လုံခြုံရေးခြိမ်းခြောက်

အမေရိကန်နှင့် အခြားသော အင်အားကြီးနိုင်ငံများအနေဖြင့် ၎င်းတို့၏ နျူကလီးယားလက်နက်များကို ဖယ်ရှားရန် အာမမခံခြင်းသည် ကမ္ဘာ့လုံခြုံရေးကို အကြီးမားဆုံး ခြိမ်းခြောက်ခြင်းပင်ဖြစ်ကြောင်း အီရန်နျူကလီးယားစွမ်းအင်အေဂျင်စီ ဥက္ကဋ္ဌ ဂျလီလီက ဟီရိုရှီးမား သို့ ရောက်ရှိစဉ် ဒီဇင်ဘာ ၂၄ရက်တွင် ပြောကြားလိုက်သည်။

တရုတ်-အာဆီယံ သဘောတူညီချက် အကျိုးရှိစေလိမ့်မည်ဟုယူဆ

တရုတ်-အာဆီယံ လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်(အက်ဖ်တီအေ)ကို အပြည့်အဝ အကောင်အထည်ဖော်ခြင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများမှ မိတ်ဆွေများအတွက် အကျိုးရှိစေလိမ့်မည်ဟု မလေးရှားကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက အခိုင်အမာယုံကြည်နေကြောင်း မလေးရှားကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဝန်ကြီးက ပြောကြားသည်။

ပီရူးတောင်ပိုင်း၌ ဘတ်စ်ကားချောက်ထဲထိုးကျ ခရီးသည် ၄၀ထက်မနည်းသေဆုံး

ပီရူးနိုင်ငံတောင်ပိုင်း အင်ဒီးစ်တောင်တန်းဒေသတွင် ဘတ်စ်ကားတစ်စီး တောင်စောင်းရှိ ချောက်ထဲထိုးကျသဖြင့် ခရီးသည် ၄၀ထက်မနည်း သေဆုံးသွားကြောင်းနှင့် ၁၀ဦးဒဏ်ရာရရှိကြောင်း သိရသည်။

တရုတ်နိုင်ငံအရှေ့ပိုင်း အအေးလှိုင်းကျရောက်မည်ဟုခန့်မှန်းထား

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့ပိုင်းဒေသအများအပြားတွင် လာမည့်သုံးရက်အတွင်း လေပြင်းကျရောက်ပြီး အပူချိန်သိသိသာသာ လျော့နည်းခြင်းနှင့်အတူ အအေးလှိုင်းကျရောက်မည်ဟု ခန့်မှန်းရကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ မိုးလေဝသဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ (စီအမ်အေ)က ဒီဇင်ဘာ ၂၅ရက်၌ ထုတ်ပြန်သည်။

(အင်တာနက်)

ပုံနှိပ်စက်ပစ္စည်းများကြံ့ခိုင်မှု အစဉ်စောင့်ကြည့်၍ မပြတ်ပြုပြင်ဆောင်ရွက် အရည်အသွေးစစ်ဆေးမှု ပိုမိုစေ့စပ်သေချာစွာ ကြပ်မတ်စစ်ဆေး

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လုပ်ငန်းဆိုင်ရာ မှာကြား

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီး ဘုရားလမ်းရှိ ဖိုတိုလစ်သို ပုံနှိပ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး ဌာနခွဲများအလိုက် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအားတွေ့ဆုံ အားပေးစကားပြောကြားကာ ဝန်ထမ်းများအတွက် ဂုဏ်ပြုပံ့ပိုးငွေများ ပေးအပ်သည်။

ရှင်းလင်းပြသ

ထို့နောက် ဝန်ကြီးသည် ဗဟိုပုံနှိပ်စက်ရုံရှိ ပုံနှိပ်စက်များ ကြံ့ခိုင်ထိန်းသိမ်းမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် ဝန်ကြီးသည် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိဖိုတိုလစ်သို ပုံနှိပ်စက်ရုံသို့ ရောက်ရှိ၍ စက်ရုံဝန်ထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ဂုဏ်ပြုပံ့ပိုးငွေများကိုပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ကျောင်းသုံးစာအုပ်ပုံနှိပ်လုပ်ငန်းများ၊ အပတ်စဉ်၊ လစဉ်ထုတ် ဂျာနယ်၊ မဂ္ဂဇင်း ပုံနှိပ်ထုတ်လုပ်မှုများ၊ ပုံနှိပ်စက်များကြံ့ခိုင်ထိန်းသိမ်းမှုနှင့် သိုလှောင်ရုံများအတွင်း ကုန်ကြမ်းပစ္စည်းများ ထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

မှာကြား

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ဝန်ကြီးက ပုံနှိပ်စက်ပစ္စည်းများ ကြံ့ခိုင်ထိန်းသိမ်းမှုကို အစဉ်စောင့်ကြည့်၍ မပြတ်ပြုပြင်ဆောင်ရွက်ရေး၊ အစဉ်အရည်အသွေးကောင်းမွန်သည့် ပုံနှိပ်ကုန်ချောများ ထွက်ရှိစေရန်အတွက် ကုန်ကြမ်းပြင်ဆင်မှုမှသည် ကုန်ချောထွက်ရှိသည် အထိ ပုံနှိပ်လုပ်ငန်းအဆင့်ဆင့်တွင် တာဝန်ရှိသူအသီးသီးက အရည်အသွေးစစ်ဆေးမှုကို ပိုမိုစေ့စပ်သေချာစွာ ကြပ်မတ် စစ်ဆေးခြင်း၊ ပေါင်းစပ် ညှိနှိုင်းသုံးသပ် ဆွေးနွေး၍ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ပုံမှန်ဆောင်ရွက်ကြရေး၊ ကုန်ကြမ်းအလေအလွင့်မရှိအောင် ကြပ်မတ်စီမံဆောင်ရွက်ရေး၊ ဝန်ထမ်းအားလုံး၏ သက်သာချောင်ချိရေးကို အထူးအလေးထား စီမံဖြည့်ဆည်းပေးရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် စက်ရုံအတွင်း သန့်ရှင်းသပ်ရပ်ရေးအတွက် စနစ်တကျ ဆောင်ရွက်ထားရှိရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလက(၄)သင်္ဃန်းကျွန်း အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

ရန်ကုန်မြို့ သင်္ဃန်းကျွန်း မြို့နယ် အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း၌ ၁၉၇၀ပြည့်နှစ်မှ ၂၀၀၆ ခုနှစ်အထိ ပညာသင်ကြား ပို့ချခဲ့ကြသည့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ အား ကျောင်းသား ကျောင်းသူဟောင်းများက ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၀ရက်က အဆိုပါကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းရှေ့မုခ်ဦး အဝင်ဝ၌ ပထမအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဦးနှင့် အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ပူဇော်ကန်တော့

ယင်းနောက် အခမ်းအနားကို ကျောင်းဝင်းအတွင်းရှိ ကံ့ကော်ဆောင်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ဆရာကြီး ဆရာမကြီးများအားကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ပြီးနောက် ဆရာ ဆရာမကြီး ၁၁၅ဦး တို့အား ဂါရဝပြုလက်ဆောင်များဖြင့် ပူဇော်ကန်တော့ကြသည်။ ဆက်လက်၍ ဆရာကြီး ဦးသန်းထွန်း၊ ဆရာမကြီး ဒေါ်စန်းလွင်နှင့် ဆရာ ဦးဇော်ဝင်းတို့က ဆုံးမဩဝါဒစကား ပြောကြားကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် မြတ်ဆရာ ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး မောင်ကျော်သူရက ငွေစာရင်းရှင်းတမ်းကိုလည်းကောင်း၊ ဥက္ကဋ္ဌ ဦးစန်းဝေက အာစရိယပူဇော်ပွဲကျင်းပရခြင်းကို လည်းကောင်း ရှင်းလင်းပြောကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပရီမီယာလိဂ်ပွဲစဉ်(၁၉) ဘောက်ဆင်ဒေး နောက်ဆုံးရ အားကစားသတင်း

မောင်ချစ်ကြည် - ရေးသားသည်

လန်ဒန် ဒီဇင်ဘာ ၂၅

ပရီမီယာလိဂ်ပွဲစဉ်(၁၉)ကို ဒီဇင်ဘာ၂၆ရက် **(ယနေ့)**နှင့် ၂၇ရက်များ၌ ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ပြိုင်ပွဲဝင်အသင်းအချို့၏ နောက်ဆုံးရသတင်းများကို စုစည်းဖော်ပြလိုက်ပါသည်-

ဟူးလ်စီးတီးနှင့် မန်ယူတို့ပွဲအတွက် မန်ယူမှ ဒဏ်ရာရ ကစားသမားများဖြစ်သည့် ဗီဒစ်၊ ရာဖေးလ်နှင့် ဂစ်တို့ ပြန်လည်ပါဝင်ကစားမည်ဖြစ်သည်။ ဝက်စ်ဘရောင်းမှာမူ ပါဝင်ကစားနိုင်ဖွယ်မရှိသလို အီဗန်း၊ ဖာဒီနန်၊ ဟားဂရေ့ဗ်၊ ဗန်ဒါဆား၊ မာချီဒါ၊ နာနီ၊ နဗီးလ်နှင့်အိုရှေးတို့ ဒဏ်ရာအသီးသီးရရှိနေကြသဖြင့် ပါဝင်နိုင်ဖွယ်မရှိကြောင်း မန်ယူကလပ်က သတင်းထုတ်ပြန်သည်။

ကစားနိုင်ဖွယ်မရှိ

ဘာမင်ဂမ်နှင့် ယှဉ်ပြိုင်ရမည့် ချယ်လ်ဆီးအသင်း၌ အနယ်လ်ကာ၊ ဘော့ဆင်ဝါ၊ ဒေကိုနှင့် အက်စီယံတို့ ဒဏ်ရာများရရှိနေ၍ အချိန်ပြည့်ပါဝင်ကစားနိုင်ဖွယ်မရှိကြောင်း ချယ်လ်ဆီးကလပ်က သတင်းထုတ်ပြန်သည်။ ယခုပွဲ၌ အသက်၁၈နှစ်အရွယ် လူငယ်တိုက်စစ်မှူး ဘိုရီနီနှင့် အသက် ၂၀အရွယ် စတူရစ်တို့ကို ထည့်သုံးမည်ဟု အန်ဆယ်လော့တီက ပြောကြားသည်။

ဗီလာနှင့်ယှဉ်ပြိုင်ရမည့် အာဆင်နယ်အသင်းတွင် ဒဏ်ရာသက်သာနေပြီဖြစ်သည့် ဖာဘရီဂတ်စ် ပါဝင်ကစားမည်ဖြစ်သလို ဆက်ဂနာလည်း ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားမည်ဖြစ်သည်။ အာဆင်နယ်တွင် ဘင့်တနာ၊ ကလစ်ချီ၊ ဗန်ပါစီနှင့် ရိုဆစ်စကီးတို့ ဒဏ်ရာရရှိနေကြောင်း သတင်းထုတ်ပြန်သည်။ ဗီလာအသင်း၌ ဘော်မာနှင့်ဒေးဗစ်တို့ ဒဏ်ရာကြောင့် ပါဝင်ကစားနိုင်ခြင်းမရှိကြောင်း၊ ဟက်စကီးလည်း ဒဏ်ရာကြောင့် အချိန်ပြည့် ပါဝင်ကစားနိုင်ဖွယ်မရှိကြောင်း ဗီလာကလပ်က သတင်းထုတ်ပြန်သည်။

သတင်းထုတ်ပြန်

ဝုဖ်အသင်းနှင့် ယှဉ်ပြိုင်ရမည့် လီဗာပူးတွင် မာရှေယာနို ပါဝင်ကစားနိုင်ခြင်းမရှိသည့်အတွက် အက်ဂ္ဂါလာနီဖြင့် အစားထိုးကစားမည်ဖြစ်သည်။ တောရက်စ်ဒူးဒဏ်ရာကြောင့် ကြံ့ခိုင်မှုမရှိသော်လည်း ပါဝင်ကစားမည်ဖြစ်သည်။ အီဇာမှာ ခြေချင်းဝတ် ဒဏ်ရာရနေပြီး ရီးရာလည်း တံကောက်ကြောဒဏ်ရာကြောင့် လီဗာပူး၌ ပါဝင်ဖွယ်မရှိကြောင်း သတင်းထုတ်ပြန်သည်။

မန်စီးတီးနှင့် စတုတ်ပွဲစဉ်အတွက် မန်စီးတီးတွင် ရိုက်ဖီးလစ်က ခြေချင်းဝတ်ဒဏ်ရာနှင့် ရစ်ချပ်စ်က ဒူးဒဏ်ရာကြောင့် ပါဝင်နိုင်ဖွယ်မရှိကြောင်း၊ အဒီဘာယောလည်း ဒူးဒဏ်ရာကြောင့် ပါဝင်ကစားနိုင်ခြင်းမရှိကြောင်း မန်စီးတီးကလပ်က သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

မြန်မာ့ရုပ်မြင်သံကြား

၂၆-၁၂-၂၀၀၉(စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၀ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၆။ ကဗျာပန်းဥယျာဉ်
၈း၀၅ ၇။ တေးဂီတအစီအစဉ်
၈း၁၅ ၈။ အတီးပြိုင်ပွဲ
၈း၃၀ ၉။ International News
၈း၃၅ ၁၀။ Crossroads Cafe (Episode-17) (United We Stand)
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၃၀ ၅။ Yan Can Cook
၁၂း၅၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ**(အပိုင်း- ၅၇)
၁၃း၅၀ ၇။ မူဟန်သွယ်သွယ် ဆိုကြမယ်
၁၄း၀၀ ၈။ ပန်းချစ်သူများရဲ့ ပန်းမြို့တော်
၁၄း၁၀ ၉။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၄း၂၀ ၁၀။ အတီးပြိုင်ပွဲ
၁၄း၄၀ ၁၁။ International News
၁၄း၄၅ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၄၅ ၁။ Myanmar National League MNL Cup (2009) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ရတနာပုံ F.Cနှင့် Southern Myanmar F.C)
၅း၄၅ ၂။ တေးဂီတအစီအစဉ်
၆း၀၀ ၃။ ညနေခင်းသတင်း
၆း၁၅ ၄။ မိုးလေဝသအခြေအနေ
၆း၂၀ ၅။ အလှရှာမယ် လှကမ္ဘာဝယ်
၆း၄၀ ၆။ **ယဉ်တစ်ကိုယ်မယ် "အလင်းလျှောက်တဲ့လမ်း" ပင်ကီကို၊ မီချိုကို၊ ဆွီတီကို (ဒါရိုက်တာ-မင်းဇေယျာလင်း)**
၇း၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးမြေချစ်သူ** (အပိုင်း-၃၂)
၈း၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ ကာတွန်းအစီအစဉ် **ဒိုင်နို ဆောမီသားစုစွန့်စားခန်း** (အပိုင်း-၇၁)
၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွေဦးကဗျာချစ်သံသာ** (အပိုင်း-၂၃)
၁၃။ **ဂီတတံခါးလေးဖွင့်ပါဦး**

ထူးခြားသည့် ညအပူချိန်များ

၂၅-၁၂-၂၀၀၉

ဟားခါးမြို့
-၂ ဒီဂရီစင်တီဂရိတ်

လွိုင်လင်မြို့
-၂ ဒီဂရီစင်တီဂရိတ်

နမ့်စန်မြို့
၁ ဒီဂရီစင်တီဂရိတ်

ဟဲဟိုးမြို့
၃ ဒီဂရီစင်တီဂရိတ်

မိုးကုတ်မြို့
၃ ဒီဂရီစင်တီဂရိတ်

ပင်လောင်းမြို့
၄ ဒီဂရီစင်တီဂရိတ်

မင်းတပ်မြို့
၄ ဒီဂရီစင်တီဂရိတ်

ကသာမြို့
၄ ဒီဂရီစင်တီဂရိတ်

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ငှက်ပျောတောလမ်း (မြို့ပြ)ကျောက်ချောလမ်းခင်းနေမှုကို ဒီဇင်ဘာ ၉ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဒုတိယရဲမှူး လှဆွေ၊ အမှုဆောင်အရာရှိ ဦးတင့်ဝေ၊ မြို့နယ် ပြန်/ဆက် ဦးစီးဌာနမှူး ဒေါ်မိုးမိုးထွေးတို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်က ရှင်းလင်းပြသစဉ်။

(မြို့နယ် ပြန်/ဆက်)

လုပ်ငန်းခွင် မြေတိုင်းတာခြင်းနှင့် မြေစာရင်း သင်တန်းဆင်း

ရန်ကုန် ဒီဇင်ဘာ ၂၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ် (၂၉/၂၀၀၉)ဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၅ရက်က တိုက်ကြီးမြို့ရှိ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွန်းနီ တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရ သင်တန်းသားများအား ထူးချွန်ဆုများ ချီးမြှင့်သည်။ ထို့နောက် သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသန်း (ညွှန်ကြားရေးမှူး)က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၁၆၇ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးလခွဲကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၁၂-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ပုဗ္ဗဏှသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ရောဂါပျောက်ရေး တရားဆေး** တရားတော် (ဆရာတော် အရှင်လာဘ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ပန်းချီပြခန်း (ချင်းတွင်းပန်းချီပြပွဲ)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၃၈)
- ၈:၃၀ Sports World
- ၈:၅၅ သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
- ၉:၁၀ ပုံဖော်ထုဆစ် အနုလက်ရာ ကျောက်စိမ်းပန်းပုရုပ်အသွင်မှာ
- ၉:၂၅ Global Panorama ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ
- ၁၀:၂၀ Activities in the City [(၃၃)ကြိမ်မြောက် သွေးလှူရှင်များဂုဏ်ပြုပွဲ]
- ၁၀:၄၅ သွားမယ် စားမယ် (White Rice Restaurant)
- ၁၁:၁၀ ပတ္တမြားမြေမှ လင်းလက်တောက်ပလာသော မျက်ဝန်းများ
- ၁၁:၄၀ ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
- ၁၁:၅၅ အလှမျိုးစုံလင် တောင်လေ့ကား မြို့တော်တစ်ခွင်
- ၁၂:၁၀ အနုပညာမိုးကောင်းကင် **သူမှတစ်ပါး** ရုပ်ရှင်ဇာတ်ကားရိုက်ကွင်း
- ၁၂:၂၀ **အိမ်တွင်းပုန်းများ မကြည့်ရ** နေတိုး၊သက်မွန်မြင့် (ဒါရိုက်တာ-ဇာဏီထက်လင်း)
- ၁၂:၃၅ ရမ္မာဝတီသို့....ရွက်လွှင့်ခြင်း
- ၁:၀၀ **ရောဂါပျောက်ရေး တရားဆေး** တရားတော် (ဆရာတော် အရှင်လာဘ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival [Chatrium Dream Wedding(3)]
- ၃:၂၀ Activities in the City [(၃၃)ကြိမ်မြောက် သွေးလှူရှင်များဂုဏ်ပြုပွဲ]
- ၃:၅၀ ပုံဖော်ထုဆစ် အနုလက်ရာ ကျောက်စိမ်းပန်းပု ရုပ်အသွင်မှာ
- ၄:၁၀ လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
- ၄:၂၀ ပတ္တမြားမြေမှ လင်းလက်တောက်ပလာသော မျက်ဝန်းများ
- ၄:၄၅ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (Oxygen အဖွဲ့နှင့်တွေ့ဆုံခြင်း)
- ၅:၁၅ သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သွားမယ် စားမယ် (White Rice Restaurant)
- ၆:၅၀ အနုပညာမိုးကောင်းကင် **သူမှတစ်ပါး** ရုပ်ရှင်ဇာတ်ကားရိုက်ကွင်း
- ၇:၀၀ Fashion Music Festival [Chatrium Dream Wedding (3)]
- ၇:၄၀ အင်တာနက်လမ်းညွှန် (CASA Internet Cafe)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ပန်းချီပြခန်း (ချင်းတွင်းပန်းချီပြပွဲ)
- ၈:၅၅ သဘာဝကပေးတဲ့အကျိုးအာနိသင် **ဖြူစင်တဲ့နှလုံးသား** ဇေယျာ၊ ထူးသာ၊ပွင့်နဒီမောင်၊ ဒေါ်အောင်မြင့်ကြည် (ဒါရိုက်တာ-ကြည်သာ၊ပွဲကြိုက်ခင်)
- ၉:၁၅ လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
- ၉:၂၅ **Barclays Premier League (Sunderland Vs Everton)**
- ၁၁:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၃၈)
- ၁၁:၅၅ **Barclays Premier League (Liverpool Vs Wolves)**
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၀၀	Birmingham-Chelsea	ESPN (Live)
၇:၂၅	Fulham - Tottenham	STAR SPORTS (Live)
၉:၂၅	Man City -Stoke City	ESPN (Live)
၉:၃၀	Sunderland - Everton	STAR SPORTS (Live)
၁၁:၃၀	West Ham-Portsmouth	STAR SPORTS (SDD)
၁၁:၅၅	Liverpool - Wolverhampton	ESPN (Live)

■ *ရှေ့ဖုံးမှ*

ဟောဇိတစ်ထောင်

ရန်ကုန်မြို့နှင့် မိုင် ၅၀၀ ကျော်ကွာဝေးသော မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသ စစ်ကိုင်းတိုင်း မုံရွာမြို့သို့ ဒီဇင်ဘာ ၁၄ရက်က ရောက်ရှိခဲ့သည်။ အချိန်တိုအတွင်း အသစ်တည်ဆောက်ပြီးစီးပြီဖြစ်သော ဟောဇိတစ်ထောင် ရေလှောင် တမံစီမံကိန်းကို မျက်မြင်ကိုယ်တွေ့ လေ့လာရန် သတင်းခရီးထွက်ခဲ့ကြခြင်း ဖြစ်သည်။ မုံရွာမြို့နှင့် ၁၃မိုင်ကွာဝေးသော မုံရွာခရိုင် မုံရွာမြို့နယ် ခတက္ကန်ကျေးရွာအနီး လေးကျွန်းစကြာ ရပ်တော်မူ ရုပ်ပွားတော်မြတ်ကြီး တောင်ဘက်တွင် တည်ဆောက်ပြီးစီးနေသည့် ဟောဇိတစ်ထောင် ရေလှောင် တမံစီမံကိန်းရုံးသို့ သွားရောက်ခဲ့ကြသည်။

"စိုက်ပျိုးမြေ ဧရိယာ ဧက ၁၀၀ ရေပေးဝေမှာ ဖြစ်ပါတယ်။"

ဦးကျော်စိန်
လက်ထောက်ညွှန်ကြားရေးမှူး
(ထိန်းသိမ်းရေး)
မုံရွာခရိုင်၊ဆည်မြောင်းဦးစီးဌာန

ရေပေးဝေနိုင်

မုံရွာခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (ထိန်းသိမ်းရေး) ဦးကျော်စိန်က "နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေး၊သီးနှံပိုမိုစိုက်ပျိုးထုတ်လုပ်ရေးနှင့်ဒေသစိမ်းလန်းစိုပြည်ရေးတို့အတွက် နိုင်ငံတော်မှ လမ်းညွှန်ချက်နှင့်အညီ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရေလှောင်တမံအကြီးစား၊ အလတ်စားများအပြင် ယခု ဟောဇိတစ်ထောင်ဆည်ကဲ့သို့ ရေလှောင်တမံငယ်များကိုလည်း တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဟောဇိတစ်ထောင် ရေလှောင်တမံကို ၂၀၀၆ခုနှစ် စက်တင်ဘာလမှ စတင် အကောင်အထည်ဖော် တည်ဆောက်ခဲ့ရာ ၂၀၀၇ခုနှစ် ဇူလိုင်လတွင် လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးစေခဲ့မှုမှာ အချိန် ၁၀လသာ ကြာမြင့်ခဲ့ပါကြောင်း၊ ဟောဇိတစ်ထောင် သာသနာ့နယ်မြေ စိမ်းလန်းစိုပြည်ရေးအတွက်လည်းကောင်း၊ လယ်ယာမြေစိုက်ပျိုးဧရိယာ ဧက ၁၀၀ ရေပေးဝေနိုင်မည် ဖြစ်ပါကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။



"စိုက်ပျိုးရေ၊ သုံးရေအဖြစ် တစ်နေ့ရေဂါလန် သုံးသောင်း ပို့လွှတ်ပေးနေပါတယ်။"

ဦးမြိုင် (ဦးစီးအရာရှိ)
ဆည်မြောင်းဦးစီးဌာန

ရေဂါလန်

ရေလှောင်တမံ တည်ဆောက် ပြီးစီးမှုနှင့် ရေသိုလှောင်ထားရှိမှုကို ဒုတိယဦးစီးမှူး ဦးသန်းဆွေက လိုက်လံပြသပြီး ဟောဇိတစ်ထောင် ရေလှောင်တမံ တည်ဆောက်ရေး တာဝန်ခံ ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးမြိုင်က "ယခုလောလောဆယ်တွင် ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေ၊ သုံးရေအဖြစ် တစ်နေ့လျှင် ရေဂါလန်သုံးသောင်းကို သာသနာ့နယ်မြေတောင်ပေါ်သို့ စက်ဖြင့် တင်ပို့ပေးလျက်ရှိပါကြောင်း၊ ယခုအခါ ဟောဇိတစ်ထောင်ဒေသတွင် စိုက်ပျိုးရေရရှိသဖြင့် ဟောဇိပင်များ သောင်းဂဏန်းအထိ တိုးပွားကာ စိမ်းလန်းစိုပြည်လျက်ရှိနေပါကြောင်း၊ မုံရွာခရိုင်သည် မိုးရွာသွန်းမှုနည်းပါးသော ရပ်ဝန်းဒေသဖြစ်ကြောင်း၊ မိုးရေကို ခွက်ကြီးခွက်ငယ်များဖြင့် ရေသိုလှောင် သိမ်းဆည်းထားကာ လိုအပ်လျှင် သုံးစွဲနိုင်သည့် နည်းတူ ဆည်ငယ်၊ ကန်ငယ်များ တည်ဆောက်၍ ရွာသွန်းသမျှ မိုးရေကို အလဟဿမဖြစ်စေဘဲ သိုလှောင်သိမ်းဆည်းထားကာ စိုက်ပျိုးရေ၊ သုံးရေတို့အတွက် လိုအပ်လျှင် လိုအပ်သလို သုံးစွဲနိုင်မှာဖြစ်ပါကြောင်း၊ မုံရွာမြို့၏ ပျမ်းမျှရွာသွန်း မိုးရေချိန်သည် ၃၂ လက်မသာရှိသဖြင့် ဆည်အတွင်း စီးဝင်ရေသည် ဧကပေ ၅၆၀ရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ၆၈၃ ဧကပေ သိုလှောင်ထားရှိနိုင်ပါကြောင်း၊ ရေထုတ်လွှတ်ပေးသည့် တူးမြောင်းမကြီးအလျားသည် ပေ ၃၀၀၀ရှိပြီး ကြားခံတူးမြောင်းအဆောက်အအုံ ၄၃ခုရှိကြောင်း၊ ဟောဇိတစ်ထောင် ရေလှောင်တမံစီမံကိန်းကို ကျပ် ၅၁၈ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်ပါကြောင်း" ဖြည့်စွက်ရှင်းပြသည်။

အကျိုးပြု

ဆည်မြောင်းဦးစီးဌာနသည် နိုင်ငံတော်၏ လမ်းညွှန်ချက်ဖြင့် ရေများ အလဟဿမဖြစ်စေဘဲ သိုလှောင်ထိန်းသိမ်းထားရန် ဆည်ကြီး၊ ဆည်လတ်၊ ဆည်ငယ်များ တည်ဆောက်ခဲ့ရာ မုံရွာခရိုင်တွင် ယခု ဟောဇိတစ်ထောင် ရေလှောင်တမံအပါအဝင် ထန်းဇလုပ်၊ သာစည်၊ နွယ်ခွေ၊ မြောက်ယမား၊ လက်ပန်မြို့သစ်၊ အရာတော်၊ တောင်ယမား၊ အုတ်ဖို၊ လက်ယက်မရေလှောင်တမံ၊ ဆည်များ တည်ဆောက်ဖွင့်လှစ်ကာ ဒေသခံများအား အကျိုးပြုလျက်ရှိသည်။ တည်ဆောက်နေဆဲဆည်များမှာ အင်ကြင်းသပိုး၊ အိုင်လျား၊ အင်ကြင်းပင် ရေလှောင်တမံများဖြစ်ကြောင်း သိရသည်။

စိမ်းလန်းစိုပြည်ရေး

ယခုတည်ဆောက်ပြီးသော ဟောဇိတစ်ထောင် ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး ရေထွက်ချောင်းကိုပိတ်ကာ တမံအလျား ပေ ၆၇၀၊ အမြင့် ၇၅ပေရှိသည့် ရေလှောင်တမံဖြစ်သည်။ လယ်ယာမြေစိုက်ပျိုး ဧရိယာ ဧက ၁၀၀ ရေပေးဝေနိုင်မည့်အပြင် ဟောဇိတစ်ထောင် သာသနာ့နယ်မြေ စိမ်းလန်းစိုပြည်ရေးအတွက် အထောက်အကူပြုမည့် စီမံကိန်းတစ်ခုဖြစ်ပြီး အသေးစားရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရန်ကိုပါ စီစဉ်ဆောင်ရွက်ထားပါကြောင်း သတင်းခရီးတစ်ထောက် လေ့လာတင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ဟောဇိတစ်ထောင် ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး ရေထွက်ချောင်းကိုပိတ်ကာ တမံအလျား ပေ ၆၇၀၊ အမြင့် ၇၅ပေရှိသည့် ရေလှောင်တမံဖြစ်သည်။ လယ်ယာမြေစိုက်ပျိုး ဧရိယာ ဧက၁၀၀ ရေပေးဝေနိုင်မည့်အပြင် ဟောဇိတစ်ထောင် သာသနာ့နယ်မြေ စိမ်းလန်းစိုပြည်ရေးအတွက် အထောက်အကူပြုမည့် စီမံကိန်းတစ်ခုဖြစ်။



မုံရွာမြို့နယ် ဟောဇိတစ်ထောင် ရေလှောင်တမံ၏ ရေထိန်းမျှော်စင်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

News watch (စောင့်ကြည့်)ဂျာနယ် အတွဲ(၅)၊ အမှတ် (၂၂) ထွက်နေပြီ

ရန်ကုန် ဒီဇင်ဘာ ၂၅

ဒဂုန်တာရာပြောတဲ့ ကိုအောင်ဆန်းအကြောင်း၊ 'လုံးဝလွတ်လပ်ရေးသို့' ဆိုသည့် မြန်မာ့လွတ်လပ်ရေးနေ့ အမှတ်တရအစီအစဉ်နှင့်အတူ .. ယခုတလော မြန်မာပြည်မှာ အသံကျယ်နေတဲ့ ဂီတမူပိုင်ခွင့်ပြဿနာ၊ မူပိုင်ခွင့်တွင် ကော်ပီသံစဉ်များကို ဘယ်လိုသတ်မှတ်ရမည်ဆိုသည့်ကိစ္စ၊ GSM ငွေဖြည့် RefiLe ကတ်စနစ် စတင်တော့မည်၊ ကိုကိုးကျွန်းတွင် ကမ်းရိုးတန်းတယ်လီဖုန်းရေဒီယိုစခန်းတည်ဆောက်လျက်ရှိ၊ သိန်း ၉၀၀တန် စိန်ဆွဲကြိုးအပါအဝင် စိန်ရွှေရတနာများ လေလံတင်မည်၊ ဟိုတယ်လုပ်ငန်းရှင်များ ကားတင်သွင်းခွင့်ရရှိမည်၊ မြန်မာ့ခရီးသွားဈေးကွက် အာရှနိုင်ငံမှ ခရီးသွားများ အလာများပြား၊ တရားမဝင် မြန်မာဆေးများ အမည်စာရင်း၊ ငါးသိန်းတန်ဖုန်းကြောင့် ဖုန်းပွဲစားများ ဈေးကွက်ပျက်၊ တရားရုံးများမှာ ထိန်းသိမ်းထားသည့် မော်တော်ယာဉ်များကို ရောင်းမည်၊ မြို့သစ်မှာ အိမ်၊ မြေဈေးကောင်းလာတာ ဘာကြောင့်လဲစသည့် ရန်ကုန်မြို့မှ သတင်းများ၊ မန္တလေးမြို့တွင် ဧရာဝတီမြစ်ရေသန့်စင်စက် တည်ဆောက်တော့မည်၊ မုံရွာ ငရုတ်သီးခြောက်ဈေးကွက်၊ ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် ပဲကြီးဈေးကွက်၊ မော်လိုက်ယောစု (ကလေးမြို့နယ်) မှာ ရွှေတူးသူများအလုပ်ဖြစ်နေကြသည့် သတင်းများ၊ (ကင်းဘဲ့လ်လမ်း) ငါးထပ်ကြီးဘုရားလမ်းသမိုင်း၊ လူကုန်ကူးမှု တိုက်ဖျက်ရေး သံတမန် ဖြူဖြူကျော်သိန်းအကြောင်း၊ ပြေတီဦးက ပရိသတ်များအတွက် ကံစမ်းမဲဖွင့်ပေး၊ ၂၀၁၀ခုနှစ်မှာ ပရိသတ်ကို ထက်ထက်မိုးဦး ဘယ်လိုဆွဲဆောင်မလဲ၊ F4ထဲက မင်းသမီးကိုဟောဆန်၊ လေးဆယ်ကျော်လည်း နောက်မကျသေးဘူးဆိုတဲ့ ဂျိန်းဒို့ဂျိန်း (ဒါရိုက်တာရင်)၊ ထရိုက်ဒါးဟိုတယ်မှ မန္တလေးသိန်းဇော် ဒေလီမြို့ရောက် အင်ပါယာဂီတအဖွဲ့၊ အဂတိမှုကို လွတ်ငြိမ်းခွင့်မပေးတဲ့ ပါကစ္စတန်၊ နိုင်ငံသေးပြီး ပြဿနာကြီးတဲ့ ဟွန်ဒူးရပ်စ်နိုင်ငံ၊ တရုတ်ပြည်နှင့် များပြားလာသည့် လူမှုရေးပြဿနာ၊ ပါကစ္စတန်မှာ သတင်းစာဆရာများ အတိုက်အခိုက်ခံရ၊ အာရပ်ကမ္ဘာမှာ အချမ်းသာဆုံး ဆော်ဒီမင်းသားကြီး၊ ဖခင်လို မိန်းမဝါသနာပါသည့် တိုက်ဂါးဝုဒ်၊ လူမမာ မိခင်၏ ပရဟိတ ရန်ပုံငွေကို အလွဲသုံးစားလုပ်သည့် အမေရိကန် သံအမတ်ကြီးဟောင်း၊ ၁၅ နှစ်သားနှင့် ချစ်ကြိုးသွယ်တဲ့ ကလေးအမေ ထောင်နှစ်နှစ်ကျ... စသည့် မြန်မာပြည်အနှံ့ သတင်း၊ ကမ္ဘာ့သတင်းများကို ဖတ်ရှုရမည့် News watch (စောင့်ကြည့်) ဂျာနယ် အတွဲ(၅)၊ အမှတ် (၂၂) ထွက်ရှိနေပြီဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာဘရူဝါရီလီမိတက် ဝန်ထမ်းမိသားစု ပဉ္စမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂၅

မြန်မာနိုင်ငံ သွေးလှူရှင်များနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာဘရူဝါရီလီမိတက် ဝန်ထမ်းမိသားစု၏ ပဉ္စမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ၁၅ရက် နံနက် ၉နာရီကရန်ကုန်ပြည်သူ့ဆေးရုံကြီးအမျိုးသားသွေးဌာန၌ကျင်းပရာ **(အပေါ်ဝဲပုံ)** ရှေးဦးစွာ မြန်မာဘရူဝါရီလီမိတက် မန်နေဂျင်းဒါရိုက်တာ Mr. Peter Ongက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ကျေးဇူးတင်စကား

ထို့နောက် အမျိုးသားသွေးဌာနမှ တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာဒေါ်သီတာအောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူများ၊ အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့် Mr. Peter Ong တို့က အုပ်ချုပ်မှုအဖွဲ့ဝင်များ ဦးဆောင်သည့် မြန်မာဘရူဝါရီလီမိတက် ဝန်ထမ်းမိသားစု၏ စုပေါင်းသွေးလှူဒါန်းနေမှုကို လှည့်လည် ကြည့်ရှုအားပေးကြသည်။ မြန်မာဘရူဝါရီလီမိတက်သည် ၂၀၀၆ခုနှစ် မေလမှစတင်၍ နှစ်စဉ် ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ သွေးလှူဒါန်းမှုများ ပြုလုပ်ခဲ့ရာ ယခုအကြိမ်အထိ စုစုပေါင်း သွေး ၈၈၉ပုလင်း လှူဒါန်းခဲ့ပြီး ဖြစ်သည်။ ၂၀၀၉ခုနှစ် မေလတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ သုံးနေရာခွဲ၍ သွေးလှူဒါန်းမှုပြုလုပ်ခဲ့ပြီး ယခုဒုတိယအကြိမ် ကျင်းပခြင်း ဖြစ်သည်။

ကျင်းပမည်

မြန်မာဘရူဝါရီ လီမိတက်သည် စင်ကာပူသမ္မတနိုင်ငံ ဖရေဇာအင်နိဗ် လီမိတက်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်တို့ အကျိုးတူပူးပေါင်း တည်ထောင်ထားသည့် ကုမ္ပဏီဖြစ်ပြီး မြန်မာဘရူဝါရီလီမိတက် ဝန်ထမ်းမိသားစု၏ သွေးလှူဒါန်းပွဲများကို တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှု

ဝန်ကြီးဒေါက်တာကျော်မြင့် ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၂၅

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဒီဇင်ဘာ ၂၃ရက် နံနက် ၁၀နာရီခွဲက ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံသစ်ကြီး၌ ဒုတိယအကြိမ် မြန်မာနိုင်ငံ ခွဲစိတ်ကုဆရာဝန်ကြီးများ၏ အသည်းအစားထိုး

အထူးကုဆရာဝန်ကြီးများက အသည်းအလှူရှင် ဦးလင်းထက်လှိုင်၏ အသည်းတစ်ဝက်ကို ခွဲစိတ်ထုတ်ယူစဉ်။ (ကျန်းမာရေး)

ခွဲစိတ်ကုသမှု လုပ်ငန်းဆောင်ရွက်မည့် ခွဲစိတ်ကုဆရာဝန်ကြီးများ၊ အထောက်အကူပြုမည့် ပုဂ္ဂိုလ်များနှင့် ကြိုတင်တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဝိုင်းဝန်းကူညီ

ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာ၌ ဒုတိယအကြိမ် မြန်မာနိုင်ငံခွဲစိတ်ကု ဆရာဝန်ကြီးများ ဆောင်ရွက်မည့် အသည်းအစားထိုး ခွဲစိတ်ကုသမှုမှာ မြန်မာနိုင်ငံ ဆေးပညာသမိုင်းလောကအတွက် မှတ်တမ်းတင်နိုင်မည့် လုပ်ငန်းဖြစ်ကြောင်း၊ အသည်းအစားထိုး ခွဲစိတ်ကုသမှုမှာ ယခင်အကြိမ်က သေဆုံးသူထံမှ အသည်းဖြင့် အစားထိုးကုသပေးနိုင်ခဲ့ပြီး ယခုအကြိမ်တွင် အသည်းအလှူရှင်ထံမှ အသည်းကို ခွဲစိတ်အသုံးပြု အစားထိုးကုသပေးမည်ဖြစ်ကြောင်း၊ အသည်းအစားထိုး ကုသမှု လုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုး အထောက်အကူပြုမည့် ပုဂ္ဂိုလ်များအနေဖြင့် အကြားအလပ်မရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် အသည်းအစားထိုး ခွဲစိတ် ကုသပေးမည့် ပါမောက္ခ ဒေါက်တာ နော်မန်လှနှင့် ပါမောက္ခ ဒေါက်တာထွန်းဦး အဖွဲ့ဝင်များ၊ အထောက်အကူပြုလုပ်ငန်းဆောင်ရွက်ပေးမည့် ခွဲစိတ်အထူးကု ဆရာဝန်ကြီးများ၊ ဆေးရုံအုပ်ကြီးများ၏ တင်ပြချက်များကို ဝန်ကြီးက ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုအားပေး

မြန်မာနိုင်ငံအထူးကုဆရာဝန်ကြီးများ၏ ဒုတိယအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှု လုပ်ငန်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၂၄ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ပြုလုပ်ရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် တာဝန်ရှိသူများ သွားရောက် ကြည့်ရှုအားပေးကြသည်။

ဒုတိယအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသရာ၌ အသက်(၄၉)နှစ်ရှိ လူနာဖြစ်သူ ဦးအောင်မြင့်နိုင်အား မြန်မာနိုင်ငံ ခွဲစိတ်ကုဆရာဝန်ကြီးများ ဖြစ်ကြသည့် ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာနော်မန်လှ၊ ပါမောက္ခ ဒေါက်တာ ထွန်းဦးနှင့် တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်တင်တင်မာတို့ ဦးဆောင်သော ခွဲစိတ်အထူးကု ဆရာဝန် ကိုးဦးအဖွဲ့က အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ဆောင်ရွက်ကြသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှု မပြုမီ မေ့ဆေးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ တင်မြင့်နှင့် တွဲဖက် ပါမောက္ခဒေါက်တာကြည်လင်းတို့ ဦးဆောင်သော မေ့ဆေးဆရာဝန် ရှစ်ဦးအဖွဲ့နှင့် ခွဲစိတ်အထူးကုဆရာဝန်ကြီးများအဖွဲ့တို့သည် အသည်းရောဂါဝေဒနာရှင်၏ ယောက်ဖဖြစ်သူ အသည်းအလှူရှင် အသက်(၃၂)နှစ်ရှိ ဦးလင်းထက်လှိုင်ထံမှ အသည်းတစ်ဝက်ကို နံနက် ၉နာရီတွင် စတင်ခွဲစိတ်ထုတ်ယူခဲ့ရာ ည ၇နာရီ ၄၆မိနစ်တွင် ထုတ်ယူနိုင်ခဲ့သည်။

ထို့နောက် ထုတ်ယူခဲ့သော အသည်းကို ပျက်စီးဆုံးရှုံးမှု မရှိစေရန် အသည်း ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့က စောင့်ရှောက်ထားရှိခဲ့သည်။

ခွဲစိတ်တပ်ဆင်မှုပြီးစီး

ယင်းနောက် အသည်းအစားထိုး ခွဲစိတ်ကုသမှုကိုစတင်ရာ မေ့ဆေးအထူးကုသမှုအဖွဲ့က နံနက် ၉နာရီ မိနစ် ၂၀တွင် အသည်းရောဂါဝေဒနာရှင်အား မေ့ဆေးပေး၍ နံနက် ၁၀နာရီ ၄၅မိနစ်တွင် ခွဲစိတ်ကုသမှုအဖွဲ့က စတင်ခွဲစိတ်ခဲ့ကြပြီး ည ၁၀နာရီ ၁၅ မိနစ်တွင် အသည်းကို အစားထိုးတပ်ဆင်ခဲ့ရာ ဒီဇင်ဘာ ၂၅ရက် နံနက် ၆နာရီ ၁၅မိနစ်တွင် ခွဲစိတ်တပ်ဆင် ကုသမှု ပြီးစီးခဲ့သည်။

ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အသည်းအစားထိုးခွဲစိတ်ကုသမှုကို တီဗွီဖြင့် တိုက်ရိုက်ပြသနေမှုကို သွားရောက် ကြည့်ရှုကြပြီး ခွဲစိတ်ဆရာဝန်ကြီးများနှင့် အထူးကုဆရာဝန်ကြီးများအား တွေ့ဆုံနှုတ်ဆက်အားပေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုတွင် ခွဲစိတ်ခန်းမကြီး တာဝန်ခံ သူနာပြုဆရာမကြီး ဒေါ်စောယုမေ ဦးဆောင်သော သူနာပြု၁၂ဦးတို့ကလည်း ပါဝင်ကူညီ ဆောင်ရွက်ခဲ့ကြသည်။

ခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာနော်မန်လှ ဦးဆောင်၍ အထူးကုဆရာဝန်ကြီးများက လူနာဦးအောင်မြင့်နိုင်အား ဒုတိယအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုလုပ်ငန်းကို ဆောင်ရွက်ကြစဉ်။ (ကျန်းမာရေး)

အထောက်အကူပြု

အသည်းအစားထိုး ခွဲစိတ်ကုသမှု လုပ်ငန်းတွင် နှလုံးသွေးကြောခွဲစိတ် အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ခင်မောင်အေး၊ ပါမောက္ခ ဒေါက်တာခင်မောင်လွင်နှင့် တွဲဖက် ပါမောက္ခ ဒေါက်တာ ဝင်းဝင်းကျော်တို့က ခွဲစိတ်မှု၌လည်းကောင်း၊ ပါမောက္ခ ဒေါက်တာညွန့်သိန်းနှင့် တွဲဖက် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း ဦးဆောင်သော သမားတော်များအဖွဲ့၊ ပါမောက္ခဒေါက်တာဦးသံစစ်၊ တွဲဖက် ပါမောက္ခ ဒေါက်တာဝင်းနိုင်နှင့် တွဲဖက် ပါမောက္ခ ဒေါက်တာမြမြရီတို့ ပါဝင်သော အသည်းဆေးကုသမှုအဖွဲ့က အနီးကပ် ဝိုင်းဝန်းကူညီပံ့ပိုးရာ၌ လည်းကောင်း၊ ဓာတ်မှန်ဌာန ပါမောက္ခ ဒေါက်တာလင်းလင်းထွန်း၊ ရောဂါဗေဒဌာန ပါမောက္ခ ဒေါ်အေးအေးမြင့်နှင့် ရောဂါဗေဒဆရာဝန်ကြီးများ အဖွဲ့နှင့် အမျိုးသားသွေးဌာန ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာ ဒေါ်သီတာအောင်တို့ကလည်းကောင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်လှကြင်၊ ရန်ကုန်ပြည်သူ့ ဆေးရုံကြီး ခေတ္တ ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာ သိန်းလွင်နှင့် ဆေးရုံအုပ် ဒေါက်တာ ခင်သန်းမွန် အဖွဲ့ကလည်းကောင်း ဝိုင်းဝန်းကူညီ အထောက်အကူပြုခဲ့ကြသည်။

ဝန်ကြီး ဒေါက်တာ ကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် ညွှန်ကြားရေးမှူးချုပ်များသည် ဒီဇင်ဘာ ၂၅ရက် နံနက် ၉နာရီခွဲတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး အထူးကြပ်မတ်ကုသခန်း၌ ဒုတိယအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှု ခံယူခဲ့သော လူနာ ဦးအောင်မြင့်နိုင်နှင့် အသည်းအလှူရှင် ဦးလင်းထက်လှိုင်တို့၏ ကျန်းမာရေး အခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို ကြည့်ရှု

သန့်လေးသန့်နှင့် တာဝန်ကျေပွန်ခဲ့သည့် သဘင်အနုပညာ

သတင်းမှတ်စု - စန်းမောင် ➢ ဓာတ်ပုံမှတ်တမ်း - မျိုးသိန်း

ရန်ကုန် ဒီဇင်ဘာ ၂၅

ဧရာဝတီတိုင်း လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာ ၅၀တွင် ဓာတ်အဖွဲ့ ငါးဖွဲ့မှ တစ်ရွာလျှင် နှစ်ညဖြင့် ပွဲချီ ၁၀၀ကပြခဲ့ကြသည်။ ဧရာဝတီတိုင်း၊ ခရိုင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ကူညီဆောင်ရွက်ပေးမှု၊ ယူနီဆက်ဖ်နှင့် မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)တို့ ပူးပေါင်းတင်ဆက်မှုဖြင့် သန့်လေးသန့် ကျန်းမာရေးအစီအစဉ်ဖြစ်သည်။

စိတ်ပိုင်းဆိုင်ရာပျော်ရွှင်မှု

ဓာတ်အဖွဲ့များသည် ၂၀၀၉ခုနှစ် နိုဝင်ဘာ၅ရက်မှ ၂၉ရက်အထိ အောင်မြင်စွာတင်ဆက်ကပြခဲ့ကြသည်။ ***(အောက်ယာပုံ)*** *ဓာတ်အဖွဲ့များကပြခဲ့သော ကျေးရွာများမှာ ရေတွင်းဆိပ်၊ အရာတော်၊ သစ်ပုတ်၊ အိုင်းမ၊ ကဇောင်းချောင်း၊ လျော်နီ၊ လိမ္မော်ကုန်း၊ မရမ်းမာလာကုန်း၊ လိပ်အိုင်၊ လပွတ္တာလုပ်တောင်၊ ဘုရားကြီးကုန်း၊ စခန်းကုန်း၊ ကညွတ်ကွင်း၊ ကုက္ကို၊ ကြာကန်စု၊ ဘီတွတ်၊ လေးအိမ်တန်း၊ လတာချောင်း၊ ကျွန်းချောင်း၊ ဦးတို၊ ဘေးပေါက်၊ ညီနောင်၊ ကတ္တီပါ၊ သဲဖြူ ကျွန်း၊ သပြေကျွန်း၊ ချမ်းသာအေး၊ ကွင်းသုံးဆင့်၊ ဖောင်းမခ၊ ရေချိုကုန်း၊ သက္ကာယ်ချောင်း၊ သမွန်ချောင်း၊ ပေါ်တော်မူ၊ ပိုးလောင်း၊ ချမ်းသာကုန်း၊ ကိုင်သောင်၊ အောင်လှိုင်၊ အမတ်ကြီး၊ ရေချိုကန်၊ နောက်ဖေးကုန်း၊ လပွတ္တာလုပ်မြောက်၊ ဂဏန်းကြီး၊ ဘိုကုန်း၊ ဘိုင်ထောင်ချောင်း၊ သိုင်းကုန်း၊ ခနီချောင်း၊ ဘုရားလေးပိုင်ထုံးဖိုးကြအဝစု၊ လျှော်ချောင်းနှင့် စက်ချောင်းကျေးရွာတို့ဖြစ်ပြီး နိုင်ငံတော်အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ စေတနာရှင်များ၏ပံ့ပိုး မှုဖြင့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရသော ကျေးရွာများမှ ခြံဝင်းများ သေသပ်ကျနစွာ ဆောက်လုပ်ထားသည်ကိုလည်း တွေ့ရှိခဲ့ရသည်။ နိုင်ငံတော်အစိုးရမှ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့ပြီး သဘင်ပညာရှင်များမှလည်း အနုပညာရသဖြစ်သော ချစ်ခင်နှစ်သက်ခြင်း၊ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ သနားခြင်း၊ စက်ဆုပ်ခြင်း၊ အားတက်ခြင်း၊ ထိတ်လန့်ခြင်း၊ အံ့သြခြင်း၊ တည်ငြိမ်ခြင်းတည်းဟူသော ရသများထဲမှ ချစ်ခင်နှစ်သက်ခြင်း၊ ဝမ်းသာခြင်း၊ အားတက်ခြင်း ရသများပါဝင်သော ဓာတ်လမ်းဓာတ်ကွက်များကို အဓိကထားပြီး စိတ်ပိုင်းဆိုင်ရာ ပျော်ရွှင်မှုရအောင် ဆောင်ရွက်နိုင်ခဲ့ကြပေပြီ။*

ကြည်နူးဖွယ်

ယင်းသို့ ကပြရာ ကျေးရွာများတွင် ကျန်းမာရေးအသိပညာလည်းရ၊ ပျော်ရွှင်မှုလည်း ရရှိခဲ့ကြသည့်အတွက် လွန်ခဲ့သော နှစ်နှစ်ခန့်က သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ကြသော ကျေးရွာများမှ ပြည်သူများမှာ ပျော်ရွှင်ကြည်နူးပြီး ဓာတ်ပွဲများ လာရောက်သည့်အချိန်၌ မမောနိုင်မပန်းနိုင် ဓာတ်ပစ္စည်းများ ဝိုင်းဝန်းချပေးပြီး ကမ်းလုံးညွှတ်မျှ ကြိုဆိုနေသည်မှာ ကြည်နူးစရာကောင်းလှသည်။

ကပြပြီး ကျေးရွာများမှ ကလေးများ၏ အော်ဟစ်သီဆိုနေသည့် သီချင်းသံကလည်း ***“ရေသန့်ရမည်၊ အစာသန့်ရမည်၊ သုံးစွဲတဲ့ လက်တွေလည်း သန့်ရှင်းစေရမည်၊ ယင်လုံအိမ်သာဆောက်ရမည်”*** *ဟု ဓာတ်အဖွဲ့များမှ ကျန်းမာရေးပညာပေးသီချင်းများကို သီဆိုနေကြသည်မှာလည်း ပီတိဖြစ်ခဲ့ရသည်။*

ပျော်ဖြေရကျိုးနပ်

ကပြပြီး ကျေးရွာများမှ ဓာတ်အဖွဲ့များ နောင်နှစ်များတွင်လည်း လာရောက်ကပြနိုင်ပါစေလို့ တောင်းဆိုကြပြီး ကျန်ရှိတဲ့ ကျေးရွာများမှ မိမိတို့ကျေးရွာများကိုလည်း ကပြပေးပါရန် မေတ္တာရပ်ခံခဲ့ကြသည်။ ယူနီဆက်ဖ်နှင့် မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး(ဗဟို)တို့ ပူးပေါင်းစီစဉ်တဲ့ သန့်လေးသန့် ကျန်းမာရေးပညာပေးအစီအစဉ် ကပြပြီးတဲ့ ကျေးရွာများမှ ပြည်သူများ သန့်လေးသန့် ကျန်းမာရေးအသိနှင့်အညီ နေထိုင်နိုင်ကြလျှင်ဖြင့် ဓာတ်အဖွဲ့များ လာရောက်ပျော်ဖြေရကျိုးနပ်မည် ဖြစ်ပါသည်။

ယူနီဆက်ဖ်၏ပံ့ပိုးမှုဖြင့် ဓာတ်သဘင်အဖွဲ့ ငါးဖွဲ့ဖြစ်သော မိုးကြိုးဓာတ်သဘင်၊ ဒို့မြန်မာဓာတ်သဘင်၊ မြတ်နိုးမှုဓာတ်သဘင်၊ ရွှေဂန္ဓဝင်ဓာတ်သဘင်နှင့် ရွှေမေတ္တာဓာတ်သဘင်အဖွဲ့များမှ ပျော်ဖြေမှုက ကျေးရွာသူ ကျေးရွာသားများအား ကျန်းမာရေးအသိလည်းပေး၊ ပျော်ရွှင်ကြည်နူးမှုတွေပေးပြီး သဘင်အနုပညာ တာဝန်ကျေပွန်ခဲ့ကြပါပြီ။ သဘင်အနုပညာရှင်များ၏ စကားပုံတစ်ခုဖြစ်သော “ဓာတ်သမားပြန်လျှင် မှတ်သားစရာကျန်ရမည်” ဟူသော စကားအတိုင်း ကပြရာ ကျေးရွာတိုင်းမှ ကျေးရွာသူ ကျေးရွာသားများ သန့်လေးသန့် မှတ်သားစရာများဖြင့် ညီညွတ်စွာ နေထိုင်နိုင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ရပါကြောင်း။ ။ ***(မြန်မာ့အလင်း)***

ဆေးနှင့်ဆေးပစ္စည်း၊ ကုန်သည်များနှင့်...

နှစ်ပတ်လည် အသင်းသားစုံညီ အစ...

ရန်ကုန် ဒီဇင်ဘာ ၂၅

မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်း၊ ကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်း အဌမအကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာ လမ်းရှိ UMFCCI Office Tower ခန်းမ၌ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ ဆေးနှင့်ပစ္စည်း၊ ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာ ...

စစ်ဆေးကြ၍ ရင်းနီးစွာ နှုတ်ဆက် အားပေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များ ဖြည့်ဆည်းမှာကြား သည်။

ဒုတိယအကြိမ် အသည်းအစားထိုး ကုသပေးမှုကို နိုင်ငံတော်စရိတ်ဖြင့် အခမဲ့ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကာ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အနီးကပ်ဝိုင်းဝန်း ကူညီအားပေး ဖြည့်ဆည်းပေးလျက်ရှိပြီး အသည်းရောဂါလူနာနှင့် အသည်း အလှူရှင်တို့အား အထူးကြပ်မတ်ကုသခန်း၌ တာဝန်ခံဆရာဝန်ကြီးများနှင့် သူနာပြု ၁၄ဦးတို့က ကျန်းမာရေး စောင့်ရှောက်ပေးလျက်ရှိရာ ကျန်းမာရေး အခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

အရှေ့ပိုင်းဒေသများ၌ ကွက်...

နေပြည်တော် ဒီဇင်ဘာ ...

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတို့... လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ ချ... မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တ... အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်ဝ... သာယာခဲ့သည်။ ညအပူချိန်များမှာ ရခိုင်ပြ... ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်၊ ... တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အေ... ၆ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး မွန်ပြ... ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစ... ဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွ... အပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလ... တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေ... ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအား...

ယနေ့ညနေအထိခန့်မှန်းချက်မှာ ရခိုင်ပြည်... တိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိ... ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ ... တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ... လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ ... တိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီ... နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်...

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြ... များတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနို...

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ... ဖြစ်ထွန်းမည်။

ရန်ကုန်နှင့်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ ... မည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ ... မည်။

၂၀၀၉ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးရက်သ... မိုးလေဝသခန့်မှန်းချက်မှာ လာမည့် သီတင်းပ... နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတ... ဖြစ်ထွန်းမည်။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)

၂၇-၁၂-၂၀၀၉

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်

၇:၀၅ ...

၇:၂၀ ...

၇:၂၅ ...

၈:၀၀ ...

၈:၁၀ ...

၉:၃၀ ...

ဆေးနှင့်ဆေးပစ္စည်း၊ ကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်း၊ ကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်း အဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ခန်းမ၌ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ ဆေးနှင့်ပစ္စည်း၊ ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် အသင်း အတွင်းရေးမှူး ဦးဇော်မိုးခိုင်က ၂၀၀၈ - ၂၀၀၉ခုနှစ် အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်း ရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြ၍ အတည်ပြုချက် ရယူကြသည်။

ပြောကြား

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းအောင်ကျော်က ၂၀၀၉-၂၀၁၁ခုနှစ်အတွက် ဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူ၊ ဒုတိယဥက္កဋ္ဌ ဦးသန့်ဇင်၊ အတွင်းရေးမှူး ဦးဇော်မိုးခိုင်၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာသင်းနွယ်ဝင်းတို့ပါဝင်သည့် ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၃ဦးနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင် ၂၀တို့၏ အမည်စာရင်းကို ဖတ်ကြားကြေညာပြီး အသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူက နိဂုံးချုပ်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ဆေးကြ၍ ရင်းနှီးစွာ နှုတ်ဆက်အားပေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များ ဖြည့်ဆည်းမှာကြားသည်။

ဒုတိယအကြိမ် အသည်းအစားထိုး ကုသပေးမှုကို နိုင်ငံတော်စရိတ်ဖြင့် အခမဲ့ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကာ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အနီးကပ်ဝိုင်းဝန်းကူညီအားပေး ဖြည့်ဆည်းပေးလျက်ရှိပြီး အသည်းရောဂါလူနာနှင့် အသည်းအလှူရှင်တို့အား အထူးကြပ်မတ်ကုသခန်း၌ တာဝန်ခံဆရာဝန်ကြီးများနှင့် သူနာပြု ၁၄ဦးတို့က ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိရာ ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

အရှေ့ပိုင်းဒေသများ၌ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၅

<u>ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရခိုင်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

<u>ယနေ့ညနေအထိခန့်မှန်းချက်မှာ</u> ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် သာယာမည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> မြစ်ဝကျွန်းပေါ်၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

<u>နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်</u> ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

<u>ရန်ကုန်နှင့်မြို့နှင့်အနီးတစ်ဝိုက်တွင်</u> ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

<u>မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်</u> ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

<u>၂၀၀၉ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ</u> လာမည့် သီတင်းပတ်ကုန် ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

❍ *ကျောဖုံးမှ*

တစ်ဆက်တည်းမှာပင် အိုင်တီနည်းပညာများ လက်တွေ့အသုံးချနိုင်မှု ပိုမိုတိုးပွားလာစေရန်အတွက် အိုင်စီတီ ရက်သတ္တပတ် ပြပွဲများကိုလည်း ခင်းကျင်းပြသနိုင်ရေး အစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့်ပင် ရတနာပုံ တယ်လီပို့ ကုမ္ပဏီလီမိတက်က ကြီးမှူးစီစဉ်သည့် အဋ္ဌမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပြပွဲ (The 8th Myanmar ICT Week Exhibition 2009) ကို ပြင်ဦးလွင်မြို့အနီး ရတနာပုံဆိုက်ဘာစီးတီး၌ ဒီဇင်ဘာ ၂၆ရက် **(ယနေ့)** မှစပြီး ၃၀ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပနေပြီဖြစ်သည်။

အဆိုပါ အိုင်စီတီ ရက်သတ္တပတ်ပြပွဲတွင် ပြည်တွင်း ပြည်ပမှ ကုမ္ပဏီပေါင်း ၅၀ကျော်တို့က လာရောက် ခင်းကျင်းပြသကြမည် ဖြစ်သည်။ ယင်းပြပွဲသည် ယခင်နှစ်နှင့်မတူဘဲ အသစ်ဖွင့်လှစ်လိုက်သည့် ရတနာပုံ Cyber Hall ကြီးအတွင်း ပါဝင်ပြသသည့် ကုမ္ပဏီများက မိမိတို့ကုန်ပစ္စည်းများ သုံးစွဲသူများ ပိုမိုဆွဲဆောင်ရန်ရည်ရွယ်ပြီး တစ်မူထူးခြားသော ဖျော်ဖြေရေး အစီအစဉ်များကို ထည့်သွင်းထားသည်။

ဗဟုသုတ

ယင်းပြပွဲ ခန်းမကြီးအတွင်း ပါဝင်ပြသသည့် ကုမ္ပဏီကြီးများက ICT ဆိုင်ရာပစ္စည်းများ ခင်းကျင်းပြသမည့်အပြင် အပျင်းလည်းပြေ ဗဟုသုတလည်းရစေမည့် အိုင်စီတီ ဉာဏ်စမ်း ပဟေဠိ (ICT Quiz) အစီအစဉ်များ၊ ICT ကုမ္ပဏီများ၏ နောက်ဆုံးပေါ် အိုင်တီပစ္စည်းများ မဲဖောက်ပေးမည့် Special ICT Lucky Draw၊ နောက်ဆုံးပေါ် အိုင်စီတီပစ္စည်း၏ အသုံးဝင်ပုံ၊ ထူးခြားပုံများ၊ လက်တွေ့ပြသနေသည့် ICT Gadget Show ၊ နာမည်ကြီးအဆိုတော်များ၊ တေးဂီတဝိုင်းများ ဖျော်ဖြေတင်ဆက်မည့် ICT Entertainment အစီအစဉ်များလည်းပါသည်။

ငါးရက်တိုင်

ထို့အပြင် အိုင်တီနည်းပညာ ဗဟုသုတများ တိုးပွားစေရန်အတွက် အိုင်တီပညာရှင်များက ဆွေးနွေးဟောပြောမည့် Seminar နှင့် Workshop များလည်း ထည့်သွင်းထားကြောင်း သိရသည်။

အဋ္ဌမအကြိမ်မြောက် မြန်မာအိုင်စီတီရက်သတ္တပတ်ပြပွဲ ဖြစ်မြောက်ရေးအတွက် အဓိကပံ့ပိုးသည့် ကုမ္ပဏီကြီးများမှာ Elite Tech Manufacturing Co.,Ltd. Huawei Technologies, Fortune International Ltd, ZTE Corporation, VERT Co.,Ltd, IP Tel Co.,Ltd., Ta Moe Hnyae Chan Thar Wai Thae Co.,Ltd. တို့ဖြစ်ပြီး ယင်းပြပွဲ စတင်ဖွင့်လှစ်သည့် ဒီဇင်ဘာ ၂၆ ရက်မှ ၃၀ရက်အထိ ငါးရက်တိုင်တိုင် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ခင်းကျင်းပြသနေပြီ ဖြစ်သည်။

ယင်းပြပွဲတွင် အထူးအစီအစဉ်အဖြစ် စတိတ်ရှိုးပွဲများလည်း ထည့်သွင်းထားသည်။ စတိတ်ရှိုးပြပွဲကို မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဖြစ်သည်။ စတိတ်ရှိုးပြပွဲများကို ဒီဇင်ဘာ ၂၈ရက်၊ ၂၉ရက်နှင့် ၃၀ရက်တို့တွင် ပြသမည်ဖြစ်သည်။ ဒီဇင်ဘာ ၂၈ရက်တွင် နာမည်ကြီး အဆိုတော်များဖြစ်သည့် ဟန်ထွန်း၊ လင်းလင်း၊ ဂျီလတ်၊ စောဖိုးခွား၊ နန္ဒ၊ Reason ၊ ဝိုင်းစုခိုင်သိန်း၊ N ကိုင်ရာနှင့် Plus 3 Band တို့ကလည်းကောင်း၊ ဒီဇင်ဘာ ၂၉ရက်တွင် စိုင်းစိုင်းခမ်းလှိုင်နှင့် သူငယ်ချင်းများ ရသ၊ ဂျောက်ဂျက်၊ စန္ဒီမြင့်လွင်၊ အေသင်ချိုဆွေ၊ Chapter၊ စိုင်းလုံ အစရှိသော အဆိုတော်များကလည်းကောင်း၊ ဒီဇင်ဘာ၃၀ရက်တွင် ဇော်ဝင်းထွဋ်၊ အဲလက်စ်၊ ဟန်ထွန်း၊ နော‌နော်၊ ရှင်ဖုန်း၊ Lဆိုင်းဇီ၊ အိမ့်ချစ်၊ Hero Band နှင့် Emperor Band တို့ကလည်း ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်သည်။

ကြိုဆိုနေမည်

သို့ပါ၍ အိုင်တီနည်းပညာ စိတ်ဝင်စားသော ပြည်သူများ၊ အိုင်တီနည်းပညာ လေ့လာနေသော ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များ၊ ဂီတချစ်မြတ်နိုးကြသူများအား ပြင်ဦးလွင်မြို့အနီး ရတနာပုံ ဆိုက်ဘာခန်းမကြီးရှိ မြန်မာအိုင်စီတီ ရက်သတ္တပတ်ပြပွဲကြီးမှ နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနေမည်ဖြစ်ပါကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြခန်းမှ ကြေးနန်းလုပ်ငန်း အဆင့်ဆင့် တိုးတက်ပြောင်းလဲပုံကို ဤသို့ ပြသထားသည်။ (မြန်မာ့အလင်း)

မြန်မာအိုင်စီတီ ရက်သတ္တပတ် ပြပွဲကြီး ခင်းကျင်းပြသရာ အဝင် ဆိုင်းဘုတ်ကို ခေတ်မီဒီဇိုင်းဖြင့် ဤသို့ပုံဖော်ထားသည်။ (မြန်မာ့အလင်း)

မြန်မာအိုင်စီတီရက်သတ္တပတ် ပြပွဲကြီး ခင်းကျင်းပြသရာ နေရာ၌ စားသောက်ဆိုင်များ ဤသို့ စီစဉ်ထားရှိပေးထားသည်။ (မြန်မာ့အလင်း)

မြန်မာအိုင်စီတီရက်သတ္တပတ်ပြပွဲကြီး ခင်းကျင်းပြသရာ ရတနာပုံ Cyber Hall နှင့် ရှေ့မျက်နှာစာ မြင်ကွင်းကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)

၂၇-၁၂-၂၀၀၉

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇:၀၅ တရားတော် **(ဓဇဂ္ဂသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန်+ သတင်းဆောင်းပါး
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ ဘဝအသွင်ကဗျာ့အမြင် (လွတ်လပ်ရေးနေ့အခိဋ္ဌာန်) တေးပဒေသာ
၈:၄၅ ဘဝတစ်ကွေ့ အတွေ့အကြုံ (တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ် ဖြစ်ရမည်)
၁၀:၀၀ မင်္ဂလာလက်ဆောင်
၁၀:၂၅ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (ကျန်းမာသန့်စွမ်းသော ဆံကေသာအတွက် လိုက်နာရန် အချက်ငါးသွယ်)
၁၀:၃၀ သတင်းစာအာဘော်
၁၀:၄၀ တေးစီးရီး(သုံးယောက်ပေါင်း လောင်းကျော်)
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ဆိုကြပျော်ရွှင် တေးသံစဉ်(၅၅)
၁၂:၀၀ စံတော်ချိန် ကလေးအစီအစဉ်(ကလေးများအတွက် ပုံပြင်-ရိုးသားခြင်း၏ တန်ဖိုး)
၁၂:၁၅ နေ့လယ်ခင်းတေးပဒေသာ
၁၂:၃၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁) ဥတုသုံးလီစာပန်းချီ-ဦးဝမ်ထိန် (၂) သမီးလေးဖတ်ဖို့(၁၁) ကောင်းသန့်
၁၂:၅၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ သိလိုသမျှမေး ကျန်းမာရေး
၁၃:၂၀ တေးပဒေသာ
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ညနေခင်းတေးပဒေသာ
၁၇:၃၅ တို့ပြန်ဖြေကြား အနုပညာရှင်များ (နန်းဆုရတီစိုး)
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
၁၈:၃၀ သုတစုံကြွယ် သိစေဖွယ် (မျက်ရည်)
၁၈:၄၅ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ Talk on Line (စိုင်းစိုင်းခမ်းလှိုင်) နိုင်ငံရေးဦးတည်ချက်
၁၉:၃၀ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (အိအိချွန်) စီးပွားရေးဦးတည်ချက်
၂၀:၄၀ လယ်ယာစီးပွား(ကျောက်ဖရုံစိုက်ပြီး ဝင်ငွေရှာကြစို့)
၂၀:၅၀ တေးပဒေသာ လူမှုရေးဦးတည်ချက်
၂၁:၀၀ ရင်တွင်းခံစား တေးသီချင်းများ (စိုးယဉ်ပြုံး)
၂၁:၁၅ ညချမ်းချိန်ခါ တေးပဒေသာ
၂၁:၃၀ ခေတ်မရွေးသောတေး

မြန်မာ့ရေလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ

➤ သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - မောင်မောင်ထွေး (သတင်းစဉ်) ➤ စာမျက်နှာဖွဲ့စည်းမှု - ခင်သန္တာသိန်း (မြန်မာ့အလင်း)

နေပြည်တော် ဒီဇင်ဘာ ၂၅

ဟေမန္တဥတု ဆောင်းလရာသီသို့ ရောက်ရှိခဲ့ချေပြီ။ ဤလ ဤရာသီကား မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်လက်အောက်ရှိ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ငါး၊ ပုစွန်အစာထုတ်လုပ် ရောင်းဝယ်သူများအသင်း၊ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ကဏန်းလုပ်ငန်းရှင်များအသင်း၊ ငါးရှဉ့်လုပ်ငန်းရှင်များအသင်းနှင့် ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ နှစ်ပတ်လည် အခါသမယလည်းဖြစ်ပေသည်။

ရေချိုငါးမုတ်ပေါင်း၏ ထူးကဲသောအရသာနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းကြိုင်ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသည် ရေမြေသယံဇာတ ပေါကြွယ်ဝပြီး ဇီဝမျိုးစုံမျိုးကွဲများ၊ ရေနေသက်ရှိများ ကြီးထွားမျိုးပွားနိုင်သော အခြေခံကောင်းများကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပေသည်။

အခွင့်အလမ်း

အလားတူ ပင်လယ်ပိုင်း၊ ကုန်းတွင်းပိုင်းများနှင့် ရေချိုရေငန်ပိုင်းဆိုင်ရာ ရေသယံဇာတ အရင်းအမြစ်များ ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်သည်နှင့်အညီ ရေသယံဇာတအပေါ် တည်မှီသော လူမှုစီးပွားရေးဘဝနှင့် အလုပ်အကိုင် အခွင့်အလမ်းတို့ကိုလည်း များစွာ ဖော်ဆောင်ပေးလျက်ရှိပေသည်။

ကျင်းပ

နိုင်ငံတော်၏ ရေလုပ်ငန်းဆိုင်ရာ ရည်မှန်းချက်နှင့် ရေလုပ်ငန်းစဉ်များ ပိုမိုအောင်မြင်တိုးတက်စေရေးအတွက် ပူးပေါင်းပါဝင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အောက်ရှိ ညီနောင်အသင်းများ၏ နှစ်ပတ်လည် အစည်းအဝေးများကို နိုဝင်ဘာ ၂၉ ရက်

မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများ အသင်းဥက္ကဋ္ဌ ဦးငြိမ်းမြိုင်က အသင်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းပြစဉ်။ (သတင်းစဉ်)

က ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပခဲ့သည်။

ပိုမိုတိုးတက်

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နာယက မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းက မြန်မာ့ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်း၍ “မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်နေသည့် ငါးမွေးမြူရေးကဏ္ဍကို ပိုင်းခြားကြည့်လျှင် ဆေးထိုးသားဖောက် နည်းပညာရရှိခဲ့သည့် ၁၉၆၇ခုနှစ်နောက်ပိုင်းတွင် ငါးသားဖောက် ထုတ်လုပ်မှု တစ်ဟုန်ထိုးတိုးတက်လာပြီး ဌာနပိုင်စခန်း ၁၄ခုမှ နှစ်စဉ် ငါးသားပေါက်ကောင်ရေ သန်း ၇၀၀မျှ ထုတ်လုပ်နိုင်သည်ကို တွေ့ရကြောင်း၊ ငါးမွေးမြူရေးဆိုင်ရာဥပဒေ ထုတ်ပြန်ခဲ့သည့် ၁၉၈၉ ခုနှစ်နောက်ပိုင်းတွင် ငါးမွေးမြူရေးကဏ္ဍ ပိုမိုတိုးတက်လာကာ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် စာရင်းအရ ငါးလုပ်ငန်းစခန်းပေါင်း ၂၆ခုနှင့် ငါးမွေးကန် ဧကပေါင်း ၂၁၄၃၈၀ ဧက တိုးတက်လာကြောင်း”။

ထုတ်လုပ်နိုင်

“ငါးထုတ်လုပ်မှု ကဏ္ဍတွင်လည်း ၂၀၀၇-၂၀၀၈စာရင်းအရ ငါးထုတ်လုပ်မှု စုစုပေါင်း၏ ၂၁ ရာခိုင်နှုန်းဖြစ်သည့် မက်ထရစ်တန် ထောင်ပေါင်း ၆၇၄၃သမ ၈၀တန်ကို ရေချိုငါးမွေးမြူရေးမှ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ လက်ရှိအခြေအနေတွင်လည်း ရေထွက်ပစ္စည်း ပြည်ပပို့ကုန်အမယ်များ၌ ရေချိုထုတ်လုပ်မှုက အများဆုံး ရရှိနေကြောင်း”။

“ငါးမြစ်ချင်း မွေးမြူတင်ပို့ရာတွင် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာတွင် ပထမအဆင့်ရှိကြောင်း၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်တစ်ရပ်ဖြစ်သည့် “သားငါး မျိုးကောင်းမျိုးသန့်များ တိုးတက်ဖြန့်ဖြူးရန်”ဟူသည့် လမ်းညွှန်ချက်ကို ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၀၉ခုနှစ်ကစပြီး ငါးမြစ်ချင်း ငါးမျိုးဗီဇမြှင့်တင်သည့် လုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၉ ခုနှစ် စက်တင်ဘာလအထိ မျိုးဗီဇမြှင့် ငါးမြစ်ချင်း-သားပေါက် ငါးမှုန် သန်း ၁၉၀နှင့် ငါးသန် ၁၆၂ ဒသမ ၄သန်း ထုတ်လုပ်ဖြန့်ဖြူးခဲ့ကြောင်း”ဖြင့် ပြောကြားသည်။

သင့်တင့်မျှတ

တစ်ဆက်တည်းမှာပင် “ငါး၊ ပုစွန်မွေးမြူထုတ်လုပ်သည့် လုပ်ငန်းရပ်တွင် အစာကဏ္ဍသည် များစွာ အဓိကကျကြောင်း၊ ရင်းနှီးမြှုပ်နှံမှု၏ ၇၀ရာခိုင်နှုန်းမှ ၈၀ရာခိုင်နှုန်းသည် အစာစရိတ်ပင်ဖြစ်ကြောင်း၊ ယခုအခါ ငါး၊ ပုစွန် အစာထုတ်လုပ်သည့် စက်ရုံ ၂၆ရုံမှ နေ့စဉ်ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ အရည်အသွေးမှန်ကန်ရေးနှင့် သင့်တင့်မျှတသော ဈေးနှုန်းဖြစ်ဖို့ရန် မှာကြားလိုကြောင်း”။

“မြန်မာပင်လယ် ငါးဖမ်းဥပဒေ Myanmar Marine Fisheries ကို ၁၉၉၀ပြည့်နှစ်က ထုတ်ပြန်ပြီး နောက်ပိုင်းကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးမှုရှိလာကြောင်း၊ ရေငန်ငါးများ ဖမ်းဆီးထုတ်လုပ်သည့် ကမ်းဝေးလှေပေါင်းမှာ ၂၀၀၉ခုနှစ်စာရင်းအရ ကမ်းဝေးလှေစင်းရေ ၁၄၇၅နှင့် ကမ်းနီးလှေစင်းရေ ၁၇၆၄၄ စင်းရှိကြောင်း၊ လွန်ကဲသော ငါးဖမ်းဆီးမှု မဖြစ်စေရေး၊ ဂေဟာစနစ် မပျက်စီးရေး၊ မြန်မာ့ငါးမျိုးများ မျိုးမပြုန်းတီးစေရေးနှင့် အဖိုးတန် ရေနေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်နုတ် သုံးစွဲနိုင်ရေးအတွက် ရေးရှု ဆောင်ရွက်သွားကြရန်”ဖြင့် ပြောကြားသည်။

အရှိန်အဟုန်မြှင့်

ယင်းနောက် ဝန်ကြီးက ပုစွန်၊ ကဏန်းနှင့် ငါးရှဉ့်ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ “နိုင်ငံခြားဝင်ငွေ အများဆုံးရရှိရန် ဖော်ဆောင်ပေးနေသည့် ရေလုပ်ငန်းထွက်ကုန်ပစ္စည်းများမှာ ရေချို၊ ရေငန် ငါး၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့်စသည့် ကုန်ပစ္စည်းအမယ်များပင်ဖြစ်ကြောင်း၊ ရေသယံဇာတ ပြည်ပပို့ကုန်များထဲတွင် ရေချို၊ ရေငန် ပုစွန်တင်ပို့မှုမှာ အများဆုံးဖြစ်ပြီး ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ပုစွန်မက်ထရစ်တန်ပေါင်း ၁၈၃၈၂ တန်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ပုစွန်မွေးဧက ၂၁၆၂၂၈ဧကရှိပြီး ရေငန်ပုစွန်ကျား (Tiger)နှင့် ရေငန်ပုစွန်ဖြူ (Vannamei)နှင့် ရေချိုပုစွန်တုပ်ကြီးမျိုးများကို အများဆုံးမွေးမြူကြကြောင်း၊ ပြည်ပပို့ကုန်အမယ်များအနက် ဝယ်လိုအားကောင်းသည့် ရေထွက်ကုန်များတွင် ကဏန်းပျော့လည်း ပါဝင်ကြောင်း၊ ၂၀၀၈ ခုနှစ်တွင် ကဏန်းတင်ပို့မှု တန်ချိန် ၁၂၅၃၀ရှိကြောင်း၊ သို့ဖြစ်၍ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်တွင် ကဏန်းမွေးမြူရေးဇုန်အဖြစ် ၁၀၃၉ ဧက သတ်မှတ်ပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ သယံဇာတထိန်းသိမ်းနိုင်ရေးအတွက် သဘာဝထုတ်လုပ်နေမှုကို အစားထိုးနိုင်ရန်အတွက် ငါးလုပ်ငန်းဦးစီးဌာနက ချောင်းသာတွင် ကဏန်းသားဖောက်စခန်း ဖွင့်လှစ်ပြီး စမ်းသပ်သားဖောက်နေကြောင်းနှင့် ပြည်ပပညာရှင်များကို ဖိတ်ခေါ်ကာ ကဏန်းမွေးမြူ၊ သားဖောက်နည်းသင်တန်းများ ပို့ချပေးနေကြောင်း၊ ကဏန်းအဝယ်ဒိုင်များက စုဆောင်းရရှိသည့် ၁၀၀ ဂရမ်အောက် ကဏန်းငယ်များနှင့် ဥပါမျိုး ကဏန်းမကြီးများကို ငါးလုပ်ငန်းဦးစီးဌာန၏ လုပ်ငန်းအစီအမံများဖြင့် ရခိုင်၊ ဧရာဝတီ၊ တနင်္သာရီစသည့် ကဏန်းထွက်ရှိရာဒေသများ၌ သဘာဝအတိုင်း ပြန်လည်လွှတ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ငါးရှဉ့်တင်ပို့မှု လုပ်ငန်းသည်လည်း နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရေးတွင် အဓိကကျသည့် လုပ်ငန်းထဲတွင် ပါဝင်ကြောင်း၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ငါးရှဉ့်တန်ချိန် ၇၈၈၂တန် တင်ပို့နိုင်ခဲ့ကြောင်း၊ ယခင်က မှဆယ်လမ်းကြောင်းတစ်ခုတည်း တင်ပို့နေရာမှ ယခုကန်ပိုက်တီးလမ်းကြောင်းပါ ဖွင့်လှစ်လိုက်သည့်အတွက် ငါးရှဉ့်သာမက အခြားရေထွက်ကုန်ပစ္စည်းများပါ အခွင့်အလမ်းပိုမိုရရှိလာကြောင်း၊ ငါးရှဉ့်မျိုးများ၏ မွေးမြူထုတ်လုပ်ပုံကို မည်သည့်နိုင်ငံများမှ ရေရာသေချာသော နည်းပညာကို ယခုတိုင် မရရှိသေးသည့်အတွက် ငါးရှဉ့်မျိုးထိန်းသိမ်းရေးလုပ်ငန်းကို ယခုအချိန်ကစပြီး ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း”ဖြင့် အကျယ်တဝင့် ပြောကြားသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အောက်ရှိ ညီနောင်အသင်းများ၏ နှစ်ပတ်လည် အခမ်းအနားဖြစ်သည်နှင့်အညီ အသင်းသားအားလုံး စုစုစည်းစည်းတွေ့ရသည်သာမက ရွှင်လန်းတက်ကြွနေကြသည်ကို မြင်ရ၏။

စီစဉ်ဆောင်ရွက်

အဖွဲ့ချုပ်ရုံးတွင် အစဉ် တက်တက်ကြွကြွ၊ ဖျတ်ဖျတ်လတ်လတ်ဖြင့် မြင်တွေ့ရလေ့ရှိသူ အတွင်းရေးမှူး ဦးဝင်းကြိုင်ကို ဖျတ်ခနဲတွေ့မြင်လိုက်ရ၍ အဖွဲ့ချုပ်၏ နှစ်ပတ်လည်အခမ်းအနားနှင့် စပ်လျဉ်း၍ မေးမြန်းကြည့်ရာ ၎င်းက “မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရဲ့ ဧကာဒသမအကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၂ရက်မှာကျင်းပဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ နှစ်စဉ်ကျင်းပနေကျအတိုင်း ရေထွက်ပစ္စည်းဈေးပွဲတော် ပညာပေးပြခန်းများ၊ မှတ်တမ်းဓာတ်ပုံပြပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များနဲ့ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲတော်မှာ ရေချိုငါးမုတ်ပေါင်းဟင်းရဲ့ ထူးကဲတဲ့အရသာကို မြန်မာနိုင်ငံ အနှံ့အပြားရှိ စားသုံးသူများနဲ့ ဆက်စပ်မိတ်ဆက်ပေးမယ့် အစီအစဉ်ကိုလည်း အကောင်အထည်ဖော်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်းရဲ့ ရှေ့လုပ်ငန်းစဉ်ထဲမှာ “ရေချို၊ ရေငန် ငါးအမယ်စုံ မွေးမြူနိုင်ရေးအတွက် ပြည်တွင်းပြည်ပဈေးကွက်ဝင် မွေးမြူရေး ငါးအမယ်သစ်များကို ဖော်ထုတ်မွေးမြူရန်”ဆိုတဲ့ အချက်လည်း ပါဝင်ပါတယ်။ မွေးတဲ့အပိုင်းက အောင်မြင်သလို ဈေးကွက်တန်းဝင်ဖို့လည်း လိုအပ်ပါတယ်။

ငါးသလောက်ကဲ့သို့ ထူးကဲသောအရသာရှိသည့် ရေချိုငါးမုတ်ငါးကို တွေ့ရစဉ်။ (သတင်းစဉ်)

ရေချိုငါးမုတ်ရဲ့ ထူးခြားချက်က ဈေးနှုန်းချိုသာတဲ့အပြင် ပြည်တွင်းမှာပဲ သားဖောက်မွေးမြူ ထုတ်လုပ်နိုင်တယ်။ ဒါ့အပြင် မြန်မာနိုင်ငံ ဒေသအနှံ့အပြားရှိ အလှူအတန်း၊ သာရေး၊ နာရေးနဲ့ စားသောက်ဆိုင်များ၊ နေအိမ်များမှာ အထူးလူကြိုက်များတဲ့ ငါးသလောက်ပေါင်းနေရာမှာ အနံ့ အရသာ ထူးကဲ ပြည့်စုံတဲ့ ငါးပေါင်းဟင်းအဖြစ် အစားထိုးနိုင်ပါတယ်။

တည်ခင်းဧည့်ခံ

ယခုအခါမှာ ငါးသလောက်ဟာ ရှားပါးပြီး ဈေးနှုန်းကြီးမြင့်လာတာနဲ့အမျှ ဈေးနှုန်းချိုသာပြီး အနံ့ အရသာပါ ထူးကဲပြည့်စုံတဲ့ ရေချိုငါးမုတ် ငါးဟင်းပေါင်းက အစားထိုး နေရာယူလာပါပြီ။ ဒီနေ့ကျင်းပတဲ့ အခမ်းအနားမှာလည်း နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံရာမှာ ဂုဏ်ပြုဟင်းတစ်ပွဲအဖြစ် မိတ်ဆက်ဧည့်ခံခဲ့ပါတယ်” ဟူ၍ ရှင်းပြသည်။

မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများသည် ရှေးနှစ်ပေါင်းများစွာကတည်းက သဘာဝမြစ်ချောင်း၊အင်းအိုင်များမှ ငါးများကိုသာ စားသုံးသည့် ဓလေ့ရှိကြသည်။

သို့မို့ကြောင့် ရေချိုငါးဖမ်းလုပ်ငန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများ အသင်းဥက္ကဋ္ဌ ဦးငြိမ်းမြိုင်အား ဆက်လက်မေးမြန်းကြည့်ရာ “ယခုအချိန်မှာတော့ သဘာဝ မြစ်ချောင်း အင်းအိုင်များက ဖမ်းယူရရှိတဲ့ ငါးများဟာ နိုင်ငံသားများရဲ့ ငါးရိက္ခာအတွက်သာမက နိုင်ငံခြားဝင်ငွေ ရရှိစေတဲ့ ပို့ကုန်များအဖြစ်ပါ ရောက်ရှိလာခဲ့ပါပြီ။ သဘာဝပတ်ဝန်းကျင်ရဲ့ ငါးထုတ်လုပ်မှုကို ထိခိုက်စေတဲ့ ငါးရစ် ငါးသန်များကို ဖမ်းဆီးခြင်း၊ ရှော့တိုက်သည့်နည်းဖြင့် ဖမ်းဆီးခြင်း၊ အဆိပ်များအသုံးပြုခြင်း၊ မိုင်းခွဲ၍ ဖမ်းဆီးခြင်း၊ ညစ်ညမ်းရေနဲ့ ဓာတုစွန့်ပစ္စည်းများပါတဲ့ ရေများကို မြစ်ချောင်းများ အတွင်းသို့ စွန့်ပစ်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲခြင်းစတဲ့ လုပ်ရပ်များ ပပျောက်ဖို့တော့ လိုပါတယ်။

လူအချို့ရဲ့ မဆင်မခြင်လုပ်ရပ်များအား တားဆီးကာကွယ်နိုင်မယ့် ပညာပေး လုပ်ငန်းများကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာန၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နဲ့ ကျွန်တော်တို့အသင်းက ပူးပေါင်း ဆောင်ရွက်နေပါတယ်။ ပညာပေးလုပ်ငန်းများကို သတင်းမီဒီယာများက တစ်ဆင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။

ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ ငါးရိက္ခာဖူလုံရေးအတွက် မြစ်ချောင်း အင်းအိုင်များနဲ့ လယ်ကွင်းများမှာ ငါးမျိုးစိုက်ထည့်တာတွေ၊ ငါးမျိုးမပြုန်းတီးစေဘဲ ထုတ်လုပ်မှုတိုးတက်စေဖို့ “ဖမ်းဆီးခြင်းကို အခြေခံတဲ့ ငါးမွေးမြူနည်းစနစ်နဲ့ မွေးမြူခြင်းကိုအခြေခံတဲ့ ငါးဖမ်းဆီးခြင်းစနစ်များ”ကို အကောင်အထည်ဖော်တဲ့ လုပ်ငန်းများမှာ ကျွန်တော်တို့ အသင်းသားများက တာဝန်သိသိ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါတယ်” ဟူ၍ ပြောကြားသည်။

နိုင်ငံခြားဝင်ငွေရှာဖွေပေးနေသည့် မြန်မာ့ရေပြင်မှ ငါးသယံဇာတများ။ (သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်

နံနက်ပိုင်းမှာ စတင်ကျင်းပခဲ့သည့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အောက်ရှိ ညီနောင်အသင်းများ၏ နှစ်ပတ်လည် အစည်းအဝေးများမှာ ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ချေပြီ။ ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့် အသင်းဝင်တို့တွင်မူ ရှေ့ခရီးစဉ်ကား မပြီးဆုံးသေး။ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၏ “ရေလုပ်ငန်းနှင့် ဆက်နွှယ်နေသည့် ညီနောင်အသင်းများသည် မြန်မာ့ရေလုပ်ငန်းအစဉ် ဖွံ့ဖြိုးတိုးတက်နေစေရန် မိမိတို့၏ ရှေ့လုပ်ငန်းစဉ်များကို ဦးတည်ချက်ထားရှိပြီး အသင်းဝင်အားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန်”ဟု မှာကြားချက်နှင့်အညီ ဆက်လက် ကြိုးပမ်းကြရဦးမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။ **(သတင်းစဉ်)**

မြန်မာ့ရေပြင်မှ ငါးသယံဇာတများကို ပြည်တွင်းပြည်ပသို့တင်ပို့ရန် ဤသို့ ထုတ်လုပ်လျက်ရှိသည်မှာ.....။ (သတင်းစဉ်)

ပစ္စည်းလည်းစုံ ဈေးနှုန်းချို အီလက်ထရွန်နစ်ပြပွဲ

အမေးအရေး - ဝင်းကျော် ➤ ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း) ➤ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်

ရန်ကုန် ဒီဇင်ဘာ ၂၅

ယနေ့ လူနေမှုပတ်ဝန်းကျင်၌ လူတိုင်း လူတိုင်းသည် အီလက်ထရွန်နစ် အသုံးအဆောင်ပစ္စည်းများနှင့် သုံးစွဲမှုမကင်းနိုင်ချေ။ အတိတ်က မည်သို့သောပစ္စည်းများ သုံးစွဲခဲ့သည်ဖြစ်စေ ပြောင်းလဲလာသော ခေတ်နှင့်အညီ တိုးတက်သည့် နည်းပညာများနှင့် ထုတ်လုပ်ထားသည့် အီလက်ထရွန်နစ်ပစ္စည်းများကို သုံးစွဲလာကြသည်။

ထို့အတွက် တစ်နေရာတည်းတွင် ပစ္စည်းများစုံလင်စွာ ခင်းကျင်းရောင်းချနေသည့် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ-၂၀၀၉သို့ ယမန်နေ့ မွန်းလွဲပိုင်းက မြန်မာ့အလင်း သတင်းအဖွဲ့သွား ရောက်မေးမြန်း လေ့လာခဲ့သည်။ ရှေးဦးစွာ ဤပြပွဲအတွက် အဓိက ကူညီပံ့ပိုးသော Nibbanကုမ္ပဏီပြခန်းမှ လက်ထောက်ဈေးကွက်မန်နေဂျာ ဒေါ်သီတာတိုးက "ကျွန်မတို့ ကုမ္ပဏီအနေနဲ့ အိမ်သုံး

"ကျွန်မတို့ Nibban ကုမ္ပဏီက အီလက်ထရွန်နစ် အိမ်အသုံးအဆောင် ပစ္စည်းများကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေပါတယ်"

ဒေါ်သီတာတိုး (လက်ထောက်ဈေးကွက်မန်နေဂျာ)

ပစ္စည်းမျိုးစုံကို ပြသရောင်းချပေးပါတယ်။ ပြပွဲရက်အတွင်းမှာ ပစ္စည်းများ အထူးဈေးလျှော့ပေးထားပါတယ်။ အထူးသဖြင့် အနီအောက်ရောင်ခြည်သုံး မီးဖိုကို လက်တွေ့ပြသ ရောင်းချပေးပါတယ်"ဟု ပြောကြားသည်။

အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ-၂၀၀၉ကျင်းပရာ ခန်းမအတွင်း ဝယ်ယူလေ့လာကြည့်ရှုသူများဖြင့် စည်စည်ကားကား မြင်တွေ့ရသည်မှာ....။

(မြန်မာ့အလင်း)

ဆက်လက်၍ Infinity အရောင်းပြခန်း၌ ရေချိုးခန်းသုံး ရေပူရေအေး ရေချိုးစက်များ ရောင်းချနေမှုကို မေးမြန်းခဲ့ရာတွင် ပြခန်းမှ အရောင်းစာရေးဖြစ်သူ ကိုညဏ်ဝင်းက "ကျွန်တော်တို့ ပြခန်းမှာ ရေပူရေအေး ရေချိုးစက်အမျိုးမျိုး ပြသရောင်းချပေးထားပါတယ်။ ပြပွဲရက်အတွင်း ဝယ်ယူသူများကို အိမ်တိုင်ရာရောက် အခမဲ့ လိုက်လံတပ်ဆင်ပေးပါတယ်"ဟု ဝယ်ယူသူများကြားမှ မေးမြန်းသမျှကို ဖြေကြားသည်။

ထို့နောက် မီးအားမြှင့်စက်အမျိုးမျိုး ပြသထားသည့် IEM ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးအား မေးမြန်းရာ "ကျွန်တော်တို့ကုမ္ပဏီက LIOA အမှတ်တံဆိပ် အလိုအလျောက် မီးအားထိန်းညှိစက်ဟာ Servo Motor Control စနစ်ကို သုံးထားတာမို့ အထွက်ဗို့အား တည်ငြိမ်စေပါတယ်။ အဝင်ဗို့အား များခြင်း၊ နည်းလွန်းခြင်းတို့ကို ကာကွယ်ပေးသော စနစ်ပါရှိပါတယ်။ ဒါ့အပြင် အရည်အသွေးပြည့် ကွိုင်ထုပ်အသုံးပြုတာမို့ ဝပ်အားအပြည့် သုံးစွဲနိုင်ပါတယ်။ အိမ်သုံး 1KVA မှ စက်မှုလုပ်ငန်းနှင့် စက်ရုံသုံး 2500 KVA အထိ Dry Type နှင့် Oil Type နှစ်မျိုးရရှိနိုင်ပါတယ်"ဟု ဖြေကြားပေးသည်။ အိမ်တစ်အိမ်၌ သုံးစွဲနေသော အဖိုးတန်လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုမှ ကာကွယ်ရန်အတွက် ဤသို့သော LIOA အမှတ်တံဆိပ် အလိုအလျောက် မီးအားထိန်းညှိစက်များ သုံးစွဲသင့်ပေသည်။

အင်္ဂလိပ်-မြန်မာ အီလက်ထရွန်နစ် အဘိဓာန်စက်လေးများ ဤသို့ ပြသထားသည်။

(မြန်မာ့အလင်း)

Atlas အမှတ်တံဆိပ် ဘက်ထရီအိုးများ ပြသထားသော အရောင်းပြခန်းသို့ ဆက်လက်လေ့လာရာတွင် ပြခန်းမှ တာဝန်ရှိသူ ဦးသန်းဦးနှင့် တွေ့ဆုံမေးမြန်းရာ "ကျွန်တော်တို့ရောင်းချတဲ့ Atlas အမှတ်တံဆိပ် ဘက်ထရီဟာ အက်စစ်နဲ့ မိုးရေထည့်စရာ လုံးဝမလိုပါဘူး၊ အလုံပိတ် ဘက်ထရီအိုး ဖြစ်ပါတယ်။ အခြားသော ဘက်ထရီတွေနဲ့ ကွာခြားတာက မကြာခဏ အားမသွင်းရခြင်းဖြစ်ပါတယ်။သုံးစွဲမှုအနေနဲ့ ပျမ်းမျှ နှစ်နှစ်မှ သုံးနှစ်ဖြစ်ပါတယ်။ တိုက်ခန်းတွေမှာ၊ Aircon ခန်းတွေမှာ အင်ဗာတာသုံးရင် Atlas ဘက်ထရီဟာ သင့်တော်ပါတယ်"ဟု ပြောကြားသည်။

ဘက်ထရီ

ဘက်ထရီဆိုလျှင် အက်စစ်နှင့် မိုးရေကို အသုံးပြုရသော်လည်း Atlas ဘက်ထရီ၌ အသုံးပြုရန်မလိုကြောင်း နည်းပညာသစ်ဖြင့် ပြုလုပ်ထားသည့် ဘက်ထရီအမျိုးအစားသစ်ကို စိတ်ဝင်စားစွာ လေ့လာကြည့်မိခဲ့သည်။

ကင်မရာ

လူငယ်များစိတ်ဝင်တစား ဝိုင်းဝန်းကြည့်ရှုနေသော ကင်မရာအရောင်းပြခန်းသို့ ဆက်လက်လေ့လာကြည့်ရာ ပင်နာဆိုးနစ်ကုမ္ပဏီမှ ထုတ်လုပ်သော Lumix အမျိုးအစား ကင်မရာကို တွေ့ရှိရသည်။ အဆိုပါကင်မရာသည် နောက်ဆုံးပေါ်မော်ဒယ်ဖြစ်ပြီး ရိုက်ကူးသူမှ မည်သို့သော အနေအထားဖြင့် ရိုက်သည်ဖြစ်စေ ပုံရိပ်များ ကြည်လင်ပြတ်သားခြင်း၊ အလင်းအမှောင် မှန်ကန်ခြင်းစသည့် ပုံကောင်းတစ်ခုအတွက် လိုအပ်သောအချက်များကို အလိုအလျောက် ဆောင်ရွက်ပေးကြောင်း သိရသည်။ ဓာတ်ပုံဝါသနာရှင်များအတွက် အထူးသင့်လျော်သော ကင်မရာဖြစ်သည်။

ထို့နောက် Rinnai အမှတ်တံဆိပ် ဂက်စ်မီးဖို အရောင်းပြခန်း၌လည်း ဝယ်ယူသူများ၊ ကြည့်ရှု လေ့လာသူများဖြင့် စည်ကားနေသည်ကိုတွေ့ရသည်။ အဆိုပါ Rinnai အမှတ်တံဆိပ်သည် ဂျပန်နိုင်ငံ၌ အောင်မြင်ကျော်ကြားမှု နှစ် ၈၀ခန့်ရှိပြီဖြစ်သည်။ ဂက်စ်စားနှုန်းသက်သာသော မီးဖိုများ၊ လုံခြုံရေးစနစ်ပါရှိ၍ မီးမလောင်နိုင်သော မီးဖိုများ၊ သယ်ယူရ လွယ်ကူသော ခရီးဆောင်မီးဖိုများစသည်ဖြင့် မီးဖိုအမျိုးမျိုး ခင်းကျင်းပြသထားပြီး ပြပွဲရက်အတွင်း အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

အီလက်ထရွန်နစ် ပစ္စည်းများ ရောင်းချရာ တပ်မတော်ခန်းမအတွင်း၌ ကုမ္ပဏီပေါင်း ၇၀ က ပြခန်းပေါင်း ၁၄၀ ဖြင့် မိုဘိုင်းလ်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများပြခန်း၊ ပရိဘောဂပြခန်း၊ လေအေးပေးစက်ပြခန်း၊ ရေခဲသေတ္တာ၊ တီဗွီ၊ ဒီဗွီဒီ၊ အီးဗွီဒီပြခန်းများ၊ ဒစ်ဂျစ်တယ် သွေးပေါင်ချိန်စက်၊ လုံခြုံရေးတံခါးစနစ်သုံးပြခန်း၊ ငွေရေစက်ပြခန်း၊ ဂက်စ်မီးဖိုအမျိုးမျိုးပြခန်း၊ အင်္ဂလိပ်-မြန်မာအီလက်ထရွန်နစ်အဘိဓာန်စက်၊ ကွန်ပျူတာ အမျိုးမျိုးနှင့် UPS ပြခန်းများစသည်ဖြင့် ပစ္စည်းများ စုံလင်စွာ ဝယ်ယူသူများအတွက် အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေသည်။

"ရေပူရေအေး ရေချိုးစက်ပစ္စည်းများကို ပြပွဲရက်အတွင်း ဝယ်ယူပါက အိမ်အရောက် အခမဲ့တပ်ဆင်ပေးပါတယ်"

ကိုညဏ်ဝင်း (အရောင်းစာရေး)

ရောင်းချလျက်ရှိ

ထို့အပြင် ပြပွဲရက်အတွင်း Nibban ကုမ္ပဏီက ကာရာအိုကေနှင့် ဂိမ်းပြိုင်ပွဲများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ဈေးနှုန်းလည်းချိုသာ၊ ပစ္စည်းများစုံလင်စွာဖြင့် ရောင်းချပေးနေသော အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ-၂၀၀၉ကို ဒီဇင်ဘာ ၂၇ရက်အထိ ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။

ခေတ်မီလူနေမှုစနစ်သုံး အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုးကို ဗဟုသုတလည်းရ၊ ဈေးနှုန်းချိုသာ၍ စုံလင်စွာ ဝယ်ယူနိုင်သဖြင့် သွားရောက်လေ့လာကြည့်ရှုသင့်ပါကြောင်း သတင်းကောင်းပါးရင်း....။ ။ **(မြန်မာ့အလင်း)**

Rinnai ဂက်စ်မီးဖိုပြခန်း၌ ဝယ်ယူလေ့လာသူများကို တွေ့ရစဉ်။

(မြန်မာ့အလင်း)

ခေတ်မီ လူနေမှုစနစ်သုံး အီလက်ထရွန်နစ် ပစ္စည်းအမျိုးမျိုးကို ဗဟုသုတလည်းရ၊ ဈေးနှုန်းချိုသာစွာဖြင့် စုံလင်စွာဝယ်ယူနိုင်။

MBE Network မှ စီမံခန့်ခွဲမှုသင်တန်းများ ဖွင့်လှစ်မည်

နေပြည်တော် ဒီဇင်ဘာ ၂၅

MBA ဘွဲ့ရ စီးပွားရေးလုပ်ငန်းရှင်များဖွဲ့စည်းထားသည့် Myanmar Business Executives (MBE) Network က တည်ထောင်ထားသော စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းကျောင်း [Business Capacity Building (BCB) Centre]မှ စီးပွားရေး စီမံခန့်ခွဲမှုသင်တန်း အပိုင်း(၁) Business Management Course (Part-1) သင်တန်းကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်း၌ သင်ကြားမည့် ဘာသာရပ်ခေါင်းစဉ်ခွဲများမှာ Principles of Management, Account Knowledge for Managers, Marketing Management, Framework of Business Management, Entrepreneurship & SME Management နှင့် Production & Operations Management တို့ဖြစ်သည်။

သင်တန်းကာလအတွင်း သင်ကြားသော ဘာသာရပ်များနှင့်ဆိုင်သော Website များလေ့လာရန် Internet အခမဲ့သုံးစွဲခွင့်ပေးမည်ဖြစ်ပြီး သင်တန်းသားများ လေ့လာရန်လိုအပ်သော Reference စာအုပ်များကို Library တွင် ထားရှိပေးထားမည်ဖြစ်သည်။

သင်တန်းကြေးကို သက်သာစွာ သတ်မှတ်ထားကြောင်းနှင့် သင်တန်းချိန်ကို စနေနှင့် တနင်္ဂနွေနေ့များတွင် စီစဉ်ထားပြီး ဘာသာရပ်ဆိုင်ရာ အတွေ့အကြုံရှိ ဆရာ ဆရာမများ သင်ကြားမှုနှင့်အတူ လုပ်ငန်းအတွေ့အကြုံကို ဆွေးနွေးဖလှယ်ခြင်း၊ လုပ်ငန်းခွင်အခက်အခဲများအား ဝိုင်းဝန်းကူညီဖြေရှင်းပေးခြင်းလည်း ပါဝင်မည်ဖြစ်ကြောင်း သိရှိရသည်။

စိတ်ဝင်စားသူများအနေဖြင့် BCB Centre တည်ရှိရာ အခန်း ၄၀၅ ပန်းခြံတာဝါ အမှတ်(၈) ဓမ္မစေတီလမ်းနှင့် ဘုရားလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်းနံပါတ်-၅၃၈၅၃၁၊ e-mail-bcbcentre@ mptmail.com.mm bcbcentre 009 @ gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ဆက်သွယ်စုံစမ်းနိုင်

ထို့အတူ Capacity Enhancement Program ကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၉ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း (စီးပွားရေး ကျင့်ဝတ်သိက္ခာ)၊ (မိမိကိုယ်ကို စီမံခန့်ခွဲခြင်း)၊ (ခေါင်းဆောင်မှု စွမ်းရည်)၊ (ဆက်သွယ်မှု စွမ်းရည်)၊ (လူအများရှေ့ စကားပြောခြင်း)၊ (စိတ်ပိုင်းဆိုင်ရာ အရည်အသွေး)၊ (ကျန်းမာရေး အသိပညာ)၊ (စိတ်ဖိစီးမှု ဖြေလျှော့ခြင်း) နှင့် (အပြောင်းအလဲကို ကိုင်တွယ်ခြင်း)စသည်ဖြင့် သင်ကြားမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာသုံးလဖြစ်ပြီး စနေနေ့ နှင့် တနင်္ဂနွေနေ့ နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ တက်ရောက်လိုသူများသည် ဘွဲ့တစ်ခုခု ရရှိထားရန်လိုကြောင်း၊ စိတ်ဝင်စားသူများသည် Business Capacity Building (BCB) အခန်းအမှတ် ၄၀၅ ပန်းခြံတာဝါ အမှတ်(၈) ဓမ္မစေတီလမ်းနှင့် ဘုရားလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၅၃၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြသလ္လာဈေး မီးဘေးလုံခြုံရေး ကြိုတင်ကာကွယ်ရေးစီမံချက်အရ တိုင်းမီးသတ်တပ်ဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်နှင့် ဒုတိယဦးစီးမှူး ဦးအောင်လွင်ဦးတို့ ပူးပေါင်းအဖွဲ့မှ ဈေးမီးသတ်ရေကန်များ၊ မီးသတ်ရေစုပ်စက်များနှင့် မီးအသုံးပြုဆိုင်များကို ကွင်းဆင်းစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

* *ကျောဖုံးမှ*

ဝါစိုက်ခင်းအတွင်း၌ တောင်သူများ ဤသို့ စိတ်ဝင်တစား….။ (သတင်းစဉ်)

မြေကြီးမှရွှေသီး

ရေမြေသယံဇာတ အရင်းအမြစ် ကြွယ်ဝပြီး မြေကြီးမှ ရွှေသီးသော မိမိတို့နိုင်ငံ၌မူ စားဝတ်နေရေးအတွက် မည်သည့်ကာလမျှ အခက်အခဲမရှိခဲ့ချေ။

စားရေးကဏ္ဍအတွက် ဆန်စပါး အပါအဝင် မြေပေါ်မြေအောက် ကောက်ပဲသီးနှံ များ၊ ဝတ်ရေးကဏ္ဍအတွက် ငွေချည်(၆)ချည်မျှင်ရှည်ဝါ အပါအဝင် ဝါသီးနှံများ၊ ချည်မျှင်နှင့် အထည်စက်ရုံကြီးများ၊ နေရေးကဏ္ဍအတွက် သစ်ဝါးများအပါအဝင် အုတ်စက်ရုံကြီးများ၊ ဘိလပ်မြေစက်ရုံကြီးများ ရှိနေပေသည်။

ပိုမိုတိုးတက်စိုက်ပျိုး

အလားတူ မိမိတို့နိုင်ငံ၏ နောင်တိုးပွားလာမည့် လူဦးရေအတွက်ပါ ရည်မှန်း၍ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ပြည်နယ်နှင့် တိုင်းအလိုက် ဒေသနှင့် ကိုက်ညီသည့် သီးနှံများကို ပိုမိုတိုးတက် စိုက်ပျိုးလျက်ရှိလေသည်။

မြန်မာနိုင်ငံသည် ရေ၊ မြေသယံဇာတပြည့်ဝသော နိုင်ငံဖြစ်ရာ ရေမြေသဘာဝအရင်းအမြစ်များကို အသုံးပြုပြီး စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိသည်။ ဆန်၊ ပဲ၊ ပြောင်း၊ ဝါနှင့် နှမ်းတို့သည် မြန်မာနိုင်ငံ၏ အဓိကလယ်ယာထွက်ကုန်များဖြစ်သည်။ ယခုအခါ ဝါစိုက်တောင်သူ လယ်သမားများအတွက် ဝင်ငွေကောင်းသည့် ခေတ်ကာလဖြစ်သည်။

ဝါမှထွက်ရှိသော ပစ္စည်းများနှင့် ဝါစိုက်ခင်းတွင် အသုံးပြုသော ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများကို တောင်သူများ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ယင်းတို့အနက် ဝါကို မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် အဓိကစိုက်ပျိုးလျက်ရှိရာ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံနှင့် ရမည်းသင်းခရိုင်၌ အများဆုံးစိုက်ပျိုးသည်။

အထူးသဖြင့် တောင်သူလယ်သမားများသည် အရည်အသွေးကောင်းသည့် ငွေချည် (၆) ချည်မျှင်ရှည်ဝါကို ပိုမိုစိုက်ပျိုးလာကြသည်။ ငွေချည် (၆) ချည်မျှင်ရှည်ဝါသည် ရာသီဥတုဒဏ်ခံနိုင်ပြီး ဝါအထွက်နှုန်းကို ထိခိုက်စေမည့် သီးလုံးဖောက်ပိုးများ၏ ဒဏ်ကို ခံနိုင်ရည်စွမ်းအားရှိပြီး တောင်သူများအတွက် ပိုးသတ်ဆေးဖျန်းမှုစရိတ် သက်သာစေသည်။

အကျိုးတူ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း ဝါနှင့် ပိုးချည်လုပ်ငန်းဌာနသည် ငွေချည် (၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများအား မျိုးသန့်စေ့များ ပွားများထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် ရည်ရွယ်၍ တောင်သူလယ်သမားများနှင့် အကျိုးတူ ပူးပေါင်းစိုက်ပျိုးလျက်ရှိသည်။

ပြီးခဲ့သည့် စိုက်ပျိုးရာသီအတွင်း ငွေချည် (၆) ချည်မျှင်ရှည်ဝါများ အထွက်နှုန်း မြင့်မားပြီး အောင်မြင်ဖြစ်ထွန်းခဲ့သဖြင့် ဝါစိုက်တောင်သူများ၏ လက်ဖျားတွင် ရွှေသီးခဲ့သည်။

ဈေးကွက်တန်းဝင်

ဝါထွက်နှုန်းမြင့်မားခြင်း၊ ဂွမ်းမွေးအရည်အသွေးကောင်းမွန်ခြင်း၊ ဂွမ်းထွက်နှုန်း၊ ဂွမ်းထွက်အောက်တန်း ကောင်းမွန်ခြင်း၊ မိုးကြို၊ မိုးနှောင်းရာသီမရွေး စိုက်ပျိုးနိုင်ခြင်း၊ လက်ရှိ ဝါစိုက်ပျိုးသည့် ဒေသအားလုံး၌ စိုက်ပျိုးဖြစ်ထွန်းပြီး ကျယ်ပြန့်သော ဒေသနှင့် ကိုက်ညီမှုရှိခြင်း၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိခြင်း၊ ဝါထွက်နှုန်းကို အဓိက ထိခိုက်စေသည့် သီးလုံးဖောက်ပိုးများ၏ ဒဏ်ကို ခံနိုင်ရည်ရှိခြင်း၊ ပိုးသတ်ဆေးဖိုးနှင့် ဆေးဖျန်းစရိတ်သက်သာခြင်း၊ ပန်းရောင်သီးလုံးဖောက်ပိုးကြောင့် ဖြစ်သော ကြွယ်ဝါနှင့် အရောင်စွန်းဝါများကင်းပြီး ဝါအရည်အသွေးအတန်းအစား ပိုမိုကောင်းမွန်သဖြင့် ဈေးနှုန်းပိုမိုရရှိခြင်း၊ ဝါအထွက်နှုန်းကောင်းရန်နှင့် အကျိုးအမြတ်ရရှိရန် သေချာခြင်း၊ ဝါသီးတင်မှုနှုန်း မြင့်မားခြင်း၊ ဝါပေါက်မှုနှုန်း မြင့်မားခြင်း၊ ဝါပေါက်မှု ညီညာခြင်း၊ ဝါ ပေါက်ကြီး၍ အလေးချိန်စီးခြင်းနှင့် ဝါကောက်ရလွယ်ကူခြင်းစသည့် ထူးခြားသည့် အရည်အချင်းနှင့် လက္ခဏာများ ပါဝင်ခြင်းတို့ကြောင့် ဈေးကွက်တန်းဝင် ငွေချည် (၆) ချည်မျှင်ရှည်ဝါကို ယခုနှစ် စိုက်ပျိုးရာသီအတွင်း ဝါစိုက်တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးခဲ့ကြသည်။

ဝါစိုက်တောင်သူများအကြားတွင် အချိန်တိုအတွင်း ရေပန်းစားလာခဲ့ကြပြီး ၂၀၀၆-၂၀၀၇ခုနှစ် စိုက်ပျိုးရာသီတွင် ငွေချည်(၆) ချည်မျှင်ရှည်ဝါ ၆၄၈ဧက စိုက်ပျိုးခဲ့ရာမှ ၂၀၀၇-၂၀၀၈ခုနှစ် စိုက်ပျိုးရာသီတွင် ၂၁၄၄၉ ဧက၊ ယခုနှစ် ၂၀၀၈-၂၀၀၉ခုနှစ်ရာသီတွင် ၂၆၀၃၉၉ ဧကအထိ အမြောက်အမြား တိုးတက်စိုက်ပျိုးခဲ့ကြသည်။

တင်စား

ဝါနှင့် ပိုးချည်လုပ်ငန်းဌာန၏ ပံ့ပိုးမှုဖြင့် ငွေချည် (၆) ချည်မျှင်ရှည်ဝါများသည် တစ်နှစ်ထက် တစ်နှစ် ပိုမိုအောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် ဝါစိုက်တောင်သူများ၏ လက်ဖျားတွင်ငွေသီးခဲ့ပြီး ရွှေပဒေသာပင် သီးနိုင်ခဲ့၍ ငွေချည်ကို ရွှေချည်အဖြစ် တင်စားခေါ်ဝေါ်ခဲ့ကြသည်။

မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့၌ အမြောက်အမြား စိုက်ပျိုးလျက်ရှိရုံမက နေပြည်တော် တပ်ကုန်းမြို့၌ ၁၉၉၅-၁၉၉၆ ခုနှစ်မှစတင်၍ ချည်မျှင်ရှည်ဝါကို စတင်စိုက်ပျိုးရန် ဝါနှင့်ပိုးချည်လုပ်ငန်းက တောင်သူများနှင့် မိတ်ဆက်ပေးခဲ့သည်။ ၂၀၀၆-၂၀၀၇ခုနှစ်တွင် ဧက ၃၀စတင် စမ်းသပ်စိုက်ပျိုးခဲ့ရာ အထွက်နှုန်းကောင်း၍ အောင်မြင်ခဲ့သဖြင့် ၂၀၀၈-၂၀၀၉ခုနှစ်နှင့် ၂၀၀၉-၂၀၁၀ခုနှစ် ချည်မျှင်ရှည်ဝါစိုက်ဧရိယာအားလုံး၌ ငွေချည်(၆)မျိုးနှင့် ပြောင်းလဲ စိုက်ပျိုးနိုင်ခဲ့သည်။

နေပြည်တော် တပ်ကုန်းမြို့ တောင်သူလယ်သမားများသည် ငွေချည်(၆) ချည်မျှင်ရှည်ဝါမှ ဝင်ငွေအကျိုးအမြတ်များစွာ ရရှိနေကြပြီဖြစ်သည်။ သို့မို့ကြောင့် ယခုအခါ ဝါစိုက်ဧက ၇၈၇၁ဧကအထိ တိုးတက် စိုက်ပျိုးလာနိုင်ခဲ့သည်။

အောင်မြင်ဖြစ်ထွန်း

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ယခုနေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် ငွေချည်(၆)ချည်မျှင်ရှည်ဝါကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၏ အနီးကပ်ကြီးကြပ်မှုဖြင့် စနစ်တကျ စိုက်ပျိုးစေခဲ့ရာ အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်သည်။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် နိုဝင်ဘာ ၁၈ရက်တွင် အောင်မြင်ဖြစ်ထွန်းနေသော ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ကွက် တည်ရှိရာ နေပြည်တော်ခရိုင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု အုပ်စုထန်းကုန်းဒေသ ရာဇသင်္ဂဟအပိုင်းအနီး ကွင်းအမှတ်(၁၆၁၃)၌ ငွေချည်(၆) မိုးနှောင်းချည်မျှင်ရှည်ဝါ စမ်းသပ်စိုက်ကွင်းအကွက် အမှတ်(၁)၊(၂)နှင့် (၃)သို့ရောက်ရှိပြီး နေပြည်တော်မြို့နယ်များအတွင်းရှိ ဥယျာဉ်၊ နန်းသြ၊ ခေတ်အေး၊ ရေဆင်း၊ မအူတော၊ ကျောက်ချက်၊ သစ်တပ်၊ မောင်းရမ်း၊ မင်းကုန်း၊ တောင်ညို၊ မိုးစွေ၊ ကျည်တောင်၊ ကျည်တောင်ကန်၊ ညောင်လူး၊ ရန်အောင်မြင်၊ ကြာပင်၊ကျွန်းတပဲ့၊ ဒိုးနွယ်၊ ညောင်ပင်ကြီးစု၊ ဆိမ့်နန်းအုံး၊ ပြန်ကပြေး၊ သရက်တော၊ ဘုရားတောင် ကျေးရွာအုပ်စု ၂၃အုပ်စုတို့မှ ဒေသခံတောင်သူများအား တွေ့ဆုံ၍ ငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုကြောင့် တောင်သူများဝင်ငွေ ပိုမိုတိုးမှု အခြေအနေ၊ နိုင်ငံတော်အတွက် အကျိုးရှိ သကဲ့သို့ တောင်သူလယ်သမားများအတွက်လည်း အကျိုးရှိသည့် ချည်မျှင်ရှည်ဝါ ပိုမိုတိုးတက်စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့အပြင် ဝါနှင့်ပိုးချည် လုပ်ငန်း ဌာန မန္တလေးတိုင်းမှ တိုင်းမန်နေဂျာ ဦးအောင်မော်က ငွေချည်(၆)ချည်မျှင်ရှည်ဝါသည် အချိန်အနည်းငယ် နောက်ကျမှ စိုက်ပျိုးနိုင်သည့်အတွက် မိုးဦးပဲတီစိမ်း၊ မိုးဦးနှမ်းလျှင်၊ မိုးဦးဖူးစားပြောင်းနှင့် မိုးဦး ဟင်းသီးဟင်းရွက်များ အပြီးမှာ သီးထပ်စိုက်ပျိုးနိုင်ကြောင်း၊ ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ပျိုးပြီး တောင်သူများဝင်ငွေ တိုးတက်ရရှိနိုင်အောင် မျိုးသန့်ဗီဇအစဉ်တည်တံ့နေရေး၊ တောင်သူများ နည်းစနစ်ကျ တိုးချဲ့စိုက်ပျိုးလာရေး၊ စိုက်ပျိုးပြီး ဝါခင်းများ ဝါအထွက်နှုန်းကောင်း ရရှိရေးတို့အတွက် ၎င်းတို့အနေဖြင့် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တောင်သူလယ်သမားများအား ရှင်းလင်း ပြောကြားခဲ့သည်။

အကျိုးအမြတ်

မှန်ပေသည်။ ငွေချည် (၆)ချည်မျှင်ရှည်ဝါကို ကိုယ်တိုင်ကိုယ်ကျ မိသားစုလုပ်အားဖြင့် တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ၁၂၀၀၀၀ကျော် ကုန်ကျပြီး ဝါဂွမ်းထွက်ရှိ၍ အကျိုးအမြတ် ၁၀သိန်းကျော် ရရှိနိုင်ကြောင်း၊ မိသားစုမပါ လုပ်အားခပေးပြီး တစ်ဧကစိုက်ပျိုးပါက ကျပ် နှစ်သိန်းခွဲခန့် ကုန်ကျပြီး အကျိုးအမြတ် ကျပ် ကိုးသိန်းကျော် ရရှိနိုင်ကြောင်း သိရှိရသည်။

ဖြန့်ဝေပေး

တောင်သူများအကြား စိုက်လိုအားပိုမိုများပြားလာသည်နှင့်အမျှ မြန်မာ့စက်မှု သီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ ဝါနှင့်ပိုးချည်လုပ်ငန်းသည် ဝါစိုက်တောင်သူများအား မျိုးသန့်စေ့များ ပွားများထုတ်လုပ်ဖြန့်ဖြူး ပေးလျက်ရှိသည့်အပြင် မြို့နယ်အလိုက် ငွေချည်(၆) ချည်မျှင်ရှည်ဝါ မျိုးစိုက်ပျိုးပြုစုနည်း လက်ကမ်းစာစောင်များကိုပါ ဖြန့်ဝေပေးလျက်ရှိသည်။

ယခုအခါ နေပြည်တော်တိုင်းအတွင်းရှိ မြို့နယ်အသီးသီး၌ ငွေချည်(၆) ချည်မျှင်ရှည်ဝါများကို တစ်ပိုင်တစ်နိုင်သာမက စီးပွားဖြစ်ပါ စိုက်ပျိုးလျက်ရှိချေပြီ။ သို့ဆိုပါလျှင် ဝါစိုက်တောင်သူများ၏ လူမှုစီးပွားဘဝသည် ပိုမိုမြင့်မားသည်ထက် မြင့်မားလာပေလိမ့်မည်။ ဖွံ့ဖြိုးသည်ထက် ပိုမိုဖွံ့ဖြိုးလာပေလိမ့်မည်။ လက်ရှိ ပြည်မြန်မာ၏ လယ်ယာလုပ်ငန်းခွင်တွင် တွေ့မြင်နေကျ ထော်လာဂျီများ၊ မော်တော်ဆိုင်ကယ်များအပြင် ပြည်တွင်းစက်မှုဇုန်ထုတ်မော်တော်ယာဉ်များကိုပါ စိတ်ကူးဖြင့် ကြိုတင်မှန်းဆ မြင်ယောင်နေမိပါတော့သည်။ ။

(မြန်မာ့အလင်း)

အောင်မြင်ဖြစ်ထွန်းနေလျက်ရှိသော ဝါစိုက်ခင်းကို ဤသို့ တစ်မျှော်တစ်ခေါ် တွေ့ရသည်။ (သတင်းစဉ်)

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဒီဇင်ဘာ ၂၅

ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးနေ့ ဘားအံ၌ကျင်းပ

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၄ရက် မွန်းလွဲ၂နာရီက ဘားအံမြို့ ဖွဲကပင်ခန်းမ၌ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက အမှာစကားပြောကြားပြီး ကရင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငွေးနောင်က မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှုရောဂါ နှစ်အလိုက်ကျဆင်းလာပုံများကို ပြောကြားသည်။ (၀၀၈)

စာဖတ်ရှိန်မြှင့်တင်ရေး ကျောက်တလုံးကြီး၌ ဆွေးနွေး

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နန်းဆိုင်စိန်နှင့် ရုပ်သံကျွမ်းကျင်-၃ ဒေါ်နှင်းရီတို့သည် ဒီဇင်ဘာ၉ရက် နံနက် ၁၀နာရီက ပင်တွန်ကျေးရွာအုပ်စု နောင်တိန်းကြီးကျေးရွာသို့သွားရောက်ပြီး အခြေခံပညာမူလတန်းကျောင်းသားကျောင်းသူများအား စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ပျိုးထောင်ပေးသည့်အနေဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

မော်လမြိုင် ရွှေပြည်စိုးသမဝါယမအသင်း အမှုဆောင်သစ်ရွေးချယ်

ရွှေပြည်စိုး ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးသမဝါယမလီမိတက် ၂၀၀၈-၂၀၀၉ အထွေထွေအရပ်ရပ် အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ဒီဇင်ဘာ ၅ရက်က မော်လမြိုင်မြို့ ဈေးကြီးရပ်ကွက်အဝေးပြေးကားဝင်းအတွင်း ရွှေပြည်စိုးကားဂိတ်ရုံးခန်းမ၌ကျင်းပရာ အမှုဆောင်သစ်အဖြစ် ဦးတင်ထွန်းအောင်နှင့် အတွင်းရေးမှူးအဖြစ် ဦးတင်မြင့်တို့ပါဝင်သော အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။ (၀၁၃)

ဟားခါး ပြန်/ဆက်ရုံး၌ စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေး

ဟားခါးမြို့နယ် ပြန်/ဆက်ဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ဒီဇင်ဘာ ၂၁ရက် မွန်းလွဲ၁နာရီက စာဖတ်ဝိုင်းကျင်းပရာ ဒီဇင်ဘာ ၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ချမ်းမြအေး၏ စိတ်ရင်းစေတနာမှန်ပြီး ရိုးသားမယ်ဆိုရင် ဆောင်းပါးကို အငယ်တန်းစာရေး ဒေါ်သီမ့်သီမ့်လွင်က ဖတ်ကြားပြီး စာထောက်-၃ ဒေါ်ကိလ်နော်နီးက ဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

ပုလဲမြို့နယ်၌ မှုခင်းကျဆင်းရေး ပညာပေးဟောပြော

မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်နယ်မြေအေးချမ်းသာယာရေးပညာပေး ဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ရက် မွန်းလွဲ၂နာရီက ပုလဲမြို့နယ်အလယ်ဘုံကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်တရားသူကြီး ဦးငွေအောင်က ထိရောက်ဟန့်တားပြစ်ဒဏ်ချမှတ်ရေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမောင်ကြီးက ပြစ်မှုဆိုင်ရာဥပဒေ၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးဆန်းမြင့်က စာပေဖတ်ရှု လေ့လာခြင်းနှင့် ပြစ်မှုပြစ်ဒဏ် သိနားလည်ခြင်းတို့နှင့်ပတ်သက်၍ ဟောပြောဆွေးနွေးကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

စာပေဟောပြောပွဲ မောင်တော၌ကျင်းပ

ရခိုင်ပြည်နယ် နယ်စပ်ဒေသ မောင်တောမြို့၌ စာဆိုတော်လ စာပေဟောပြောပွဲကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှူးကြီးမှူး၏ ဒီဇင်ဘာ ၈ရက် မွန်းလွဲ ၁နာရီက သီရိမင်္ဂလာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးလှထွန်းစိန်က အမှာစကားပြောကြားပြီး စာရေးဆရာများဖြစ်ကြသည့် ဦးကောင်းစံရှိ (ကျွန်းသား-ငမန်း)၊ ဦးကျော်ဆန်း(လွမ်းပြေအောင်)၊ ဦးလှကျော်(ဗဂျီးကျော်-စစ်တွေ)၊ ဦးထွန်းအောင်ချိန်(စစ်တွေညိုသန့်)တို့က စာပေရေးရာများ ဟောပြောကြသည်။ *(ခရိုင် ပြန်/ဆက်)*

ရေနံချောင်း၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြသ

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတွင် မီးလောင်ဆုံးရှုံးမှု မဖြစ်စေရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်ဆောင်ရွက်မှုကို နိုဝင်ဘာ ၂၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ လက်ထောက်အင်ဂျင်နီယာ ဦးလှထွေးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့ ကြပ်မတ်၍ အဖွဲ့ရုံးဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးဆောင်အဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြသည်။ ***(မြို့နယ်စည်ပင်)***

ဒီဇင်ဘာလလမ်းလျှောက်ပွဲ ကြို့ပင်ကောက်၌ဆင်နွှဲ

ပဲခူးတိုင်း(အနောက်ပိုင်း)ကြို့ပင်ကောက်မြို့နယ်တွင် ဒီဇင်ဘာလ ပထမပတ် အားကစားလှုပ်ရှားမှုအနေဖြင့် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၅ရက် နံနက် ၅နာရီကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် စုပေါင်းလမ်းလျှောက်ပွဲကျင်းပရေးကော်မတီမှ ဦးဆောင်ကာ ရန်ကုန်-ပြည်လမ်း နာရီစင်ကြီးရှေ့၌ စုရပ်ပြုလုပ်၍စတင်ပြီး မြို့လယ်ချောင်းကျေးရွာအထိ လမ်းလျှောက်ကြသည်။ *(၁၈၀)*

ရက်ဥဝမျိုးစပါးနှင့် မနောသုခစပါး မြောင်မြို့နယ်၌စံကွက်ရိတ်သိမ်း

စစ်ကိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်မြင့်သန်း၊ ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ စိုက်ပျိုးရေးမန်နေဂျာ ဦးထွန်းပေါ်မြင့်နှင့်အတူ မြောင်မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဇော်၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ စိုက်ပျိုးရေးမန်နေဂျာဦးစိုးအောင်နှင့်အဖွဲ့သည် နိုဝင်ဘာ ၂၆ရက် နံနက်၁၀နာရီခွဲက မြောင်မြို့နယ် ရွှေပေါက်ပင်ကျေးရွာရှိမိုးစပါးစိုက်ခင်းများကို ကြည့်ရှုကြပြီး မနောသုခ မိုးစပါး စံကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်ကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ကသာ၌ဆွေးနွေး

ကသာခရိုင် ကသာမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စံ(၅)ချက်နှင့် ညီညွတ်သော စာကြည့်တိုက်များဖြစ်ပေါ်လာရေး၊ စံပြကျေးရွာဖွင့်လှစ်နိုင်ရေးအတွက် ကသာမြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၅ရက်က ကသာမြို့နယ် မိုးတားလေးကျေးရွာအုပ်စုတွင် ကွင်းဆင်းဆွေးနွေးကြသည်။ *(ခရိုင် ပြန်/ဆက်)*

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ကျေးဇူးရှင် ပါပါဦးကံဗိုလ် (လက်ထောက်ညွှန်ကြားရေးမှူး၊ ရေအရင်းအမြစ်)၏ ဒီဇင်ဘာ ၂၆ ရက်တွင် ပြည့်မြောက်သော မွေးနေ့ မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သော မိသားစုနှင့်အတူ သက်ရှည်ကျန်းမာ ပျော်ရွှင်အေးချမ်းစွာဖြင့် လျှောက်လှမ်း နိုင်ပြီး သာသနာ့အကျိုး၊ နိုင်ငံအကျိုးတို့ကို ဆတက်ထမ်းပိုး ထမ်းဆောင် နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်-

ချစ်ဇနီး - ဒေါ်ခင်မာကြည်
ချစ်သားသမီးများ - မယ်မဒီ ဖက်ရှင်၊ ဖန်စီ၊ ဖိနပ်
ချစ်မြေးလေး - ကြည်နူးသဒ္ဒါဗိုလ်(ခ)မယ်မဒီ။

အမည်ပြောင်း

အဖဦးငွေစိုးလွင်၏သမီး အလုံ (အထက-၂၊ မုံရွာ)ဆဋ္ဌမတန်း(က)မှ မဆုမြတ်နိုးဝေအား မဆုမြတ်နိုးဟု အမည်ပြောင်းလဲခေါ်ပါရန်။
မဆုမြတ်နိုး။



ပူဇော်

ဒီဇင်ဘာ ၂၀ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အထက၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အဆိုပါကျောင်း လှိုင်ရတနာခန်းမ၌ ကျင်းပရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများကိုယ်စား ဦးကာစိက လှူဖွယ်ပစ္စည်း များဖြင့် ပူဇော်ကန်တော့စဉ်။ (၁၈၃)



ရန်ကုန် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးကြီးမှူး၍ လသာမြို့နယ် ရဲတပ်ဖွဲ့၏မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၇ရက်က အထက(၁) လသာ ဗဟိုစံပြခန်းမ၌ ကျင်းပရာ လသာမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသိန်းဦးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးအကြောင်း ဟောပြောစဉ်။ (၁၀၆)

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုကြိုဆို မင်္ဂလာတောင်ညွန့်၌ ကွန်ကရစ်လမ်းဖွင့်

ရန်ကုန် ဒီဇင်ဘာ ၂၅

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်း ရပ်ကွက် ၁၂၆ လမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်သန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ငြိမ်း၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်သိမ်းနှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

အကျယ် ၄၃ပေ၊ အရှည်ပေ ၁၀၅၀ရှိ ယခင်လမ်းဟောင်းကို လမ်းသူလမ်းသားများ ကိုယ့်အားကိုယ်ကိုး ငွေကျပ် ၅၂၅ သိန်း အကုန်ခံကာ သံကူကွန်ကရစ်ခင်းခဲ့ခြင်းဖြစ်သည်။ **(၁၂၃)**

အထက(၁) မြောက်ဥက္ကလာပ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၅

အထက(၁) မြောက်ဥက္ကလာပ ကျောင်းသားဟောင်းများ၏ (၁၈)ကြိမ် မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက(၁) မေတ္တာရိပ်ရင်ပြင် ရွှေရတုသဘင် မင်္ဂလာမဏ္ဍပ်၌ ကျင်းပမည် ဖြစ်ပြီး ဂုဏ်ပြုမိတ်ဆုံစားပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၂ရက် ညနေ ၆နာရီတွင် မေတ္တာရိပ်ရင်ပြင်၌ ပြုလုပ်မည်ဖြစ်ရာ ကျောင်းသားဟောင်းများအားလုံး တက်ရောက်ကြရန် ဖိတ်ကြား နိုးဆော်ထား ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မင်းတုန်းအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၅

မင်းတုန်းအသင်း(ရန်ကုန်)၏ အဋ္ဌမအကြိမ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီး ပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲမှ ၁၁နာရီအထိ ဆိပ်ကမ်းမြို့နယ် ဗိုလ်တထောင်ဘုရားအနီး ပတ္တမြား ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်နှင့်အထက် အဘိုးအဘွားများကိုယ်တိုင် ကြွရောက်အပူဇော်ခံကြပါရန်နှင့် ၂၀၀၈-၂၀၀၉ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ အထောက်အထားကြိုတင်ပြသ၍ ဂုဏ်ပြုဆု လက်ခံယူကြရန်နိုးဆော်ထားသည်။

အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးအောင်သိန်း ဖုန်း-၀၁-၆၉၉၀၃၂၊ ဦးမြသန်း ဖုန်း-၅၆၁၆၄၉၊ ဒုတိယဗိုလ်မှူးကြီးစိန်သန်း ဖုန်း-၃၇၀၅၆၁နှင့် ဒေါ်မြင့်မြင့်သန်း ဖုန်း-၅၁၃၂၇၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၂၁)**

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေး နှစ်တွင်အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးသော ရွှေဘုံသာ တာကြီးတန်း လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစန်းမြင့်ဝင်းတို့ ကွင်းဆင်းစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

နောင်ချိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေရှိ သပြေလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းပြီးစီးမှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြား ရေးမှူး ဦးမင်းဟန်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေတို့ ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်း တို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

အထက(၁) ပုဇွန်တောင် ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၅

အထက(၁) ပုဇွန်တောင် ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၆)ကြိမ် မြောက်ဆရာကန်တော့ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၀ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများ တက်ရောက်နိုင်ရန် ဖိတ်ကြားထားကြောင်းနှင့် ကျောင်းသား ကျောင်းသူ ဟောင်းများ ဖိတ်စာပေးပို့ထားသော်လည်း ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက် ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

လှူဒါန်းနိုင်

အလှူငွေများကို ဆရာဦးအုန်းမြင့်၊ ဒေါ်ကျင်ရီလေး ဖုန်း-၂၉၈၈၁၀၆၊ ၀၉-၅၁-၀၃၉၄၈၊ ဒေါ်ခင်စန်း ဖုန်း-၅၄၃၁၆၃၊ ဦးဝင်းမောင်(မောင်ခေတ်ထွန်း) ဖုန်း-၀၉-၅၁-၇၄၅၂၁၊ ဒေါ်လှစိုးကြည် ဖုန်း-၂၉၅၁၂၃၊ ဦးကျင်ဖေ ဖုန်း-၀၉-၅၁-၃၉၆၉၅၊ ဦးအောင်ခိုင် ဖုန်း-၂၉၇၄၅၀၊ ဦးတင်ထွန်းအောင် ဖုန်း-၂၀၂၆၀၅နှင့် ဦးသက်ထွန်းဦး ဖုန်း-၂၉၆၅၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အာကာသသိပ္ပံ

အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးစီမံကိန်း ဥရောပအာကာသအေဂျင်စီအတည်ပြု



ပါရီ ဒီဇင်ဘာ ၂၅

ဥရောပအာကာသအေဂျင်စီ (အီဆာ) အဖွဲ့ဝင်နိုင်ငံများသည် အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးအတွက် ပြင်ဆင်ထားသော အစီအစဉ်များကို အပြီးသတ်အတည်ပြုပေးလိုက်ပြီဖြစ်သည်။

လွှတ်တင်ရေး

၂၀၁၆ ခုနှစ်တွင် အင်္ဂါဂြိုဟ်ကိုပတ်၍လေ့လာမည့် ဂြိုဟ်ပတ်အာကာသယာဉ် (ဂြိုဟ်တု)လွှတ်တင်ရေးကိစ္စနှင့်ပတ်သက်၍ လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် လေ့လာရေးဂြိုဟ်တုတစ်လုံး ထပ်မံလွှတ်တင်ရေးကိစ္စနှင့်ပတ်သက်၍ လည်းကောင်း ကြိုးကြပ်ဆောင်ရွက်သွားရေးအတွက် အီဆာကောင်စီက ခွင့်ပြုလိုက်ပြီဖြစ်သည် ဟုသိရသည်။

အကောင်အထည်ဖော်

ယင်းအင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေးစီမံကိန်းကို အမေရိကန်ပြည်ထောင်စု အာကာသအေဂျင်စီ (အမေရိကန်လေကြောင်းနှင့် အာကာသအုပ်ချုပ်မှုအဖွဲ့ နာဆာ)တို့ ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သတင်းရရှိသည်။

အီဆာအေဂျင်စီ၏ ဝန်ကြီးများအဖွဲ့သည် အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးလုပ်ငန်းအတွက် ယူရိုငွေသန်း ၈၅၀ ကို ပဏာမ ခွင့်ပြုမည်ဖြစ်ကြောင်း၊ နောက်ပိုင်းနှစ်များတွင် ယူရိုငွေသန်း ၁၅၀ ခန့် ထပ်မံထုတ်ပေးရန် လိုအပ်မည်ဖြစ်ကြောင်းလည်းသိရသည်။ (အင်တာနက်)

ဂါဘွန်သမ္မတနိုင်ငံအကြောင်း စေ့ငုပါလျှင် . . . .

နိုင်ငံတကာသတင်းအက်ဆေး

ဂါဘွန်သမ္မတနိုင်ငံသည် ဗဟိုအာဖရိကအနောက်ဘက် အတ္တလန္တိတ်ကမ်းခြေဒေသတွင်တည်ရှိသည်။ အာဖရိကတိုက်အနောက်ပိုင်းနိုင်ငံများတွင် အလွန်တည်ငြိမ်သည့်နိုင်ငံဖြစ်သည်။

ဤနိုင်ငံသည် ၁၉၆၀ ခုနှစ်တွင် ပြင်သစ်လက်အောက်မှလွတ်လပ်ရေး ရကတည်းက ယခုအထိ နိုင်ငံတော်အကြီးအကဲဖြစ်သည့် သမ္မတသုံးဦးသာ ရှိသေးသည်။ လက်ရှိသမ္မတမှာ အလီဘင်ဘင်ဂိုဖြစ်သည်။ ၂၀၀၉ ခုနှစ် စက်တင်ဘာသမ္မတရွေးပွဲတွင် အာဏာရလာသူ ဖြစ်သည်။

ဤနိုင်ငံ၌ လူမျိုးစုပေါင်း ၄၀ ကျော်မှီတင်းနေထိုင်သော်လည်း အခြားသော အာဖရိကနိုင်ငံများရင်ဆိုင်ရသည့် ပဋိပက္ခဖိစီးနှိပ်စက်မှုအမျိုးမျိုးမှ ကင်းလွတ်ကာ ပကတိအေးချမ်းတည်ငြိမ်လျက်ရှိသည်။

ကြေညာ

ဤဒေသ ဤနိုင်ငံဆီသို့ ၁၄၇၀ ခုနှစ်တွင် ပေါ်တူဂီများရောက်လာခဲ့သည်။ ၁၉၁၀ ခုနှစ်တွင် ဂါဘွန်သည် ပြင်သစ် အီကွေတိုရီယယ် အာဖရိက၏ အစိတ်အပိုင်းတစ်ခုဖြစ်လာသည်။ ၁၉၆၀ ခုနှစ်တွင် လွတ်လပ်ရေးကြေညာသည်။ ၁၉၆၁ ခုနှစ်တွင် လီယွန်အမ်ဘာသမ္မတအဖြစ် ရွေးချယ်ခံရသည်။

ရွေးချယ်

၁၉၆၄ ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းမှုကို ပြင်သစ်တပ်ဖွဲ့က ချေမှုန်းပြီးနောက် ပြင်သစ်နိုင်ငံက လီယွန်အမ်ဘာကိုပင် သမ္မတအဖြစ် ပြန်လည်နေရာပေးလိုက်သည်။ ၁၉၆၇ ခုနှစ်တွင်သမ္မတအမ်ဘာ ကွယ်လွန်ပြီး ဘွန်ဂိုသမ္မတဖြစ်လာသည်။ ၁၉၇၃ ခုနှစ်တွင် သမ္မတဘွန်ဂို အစ္စလာမ်ဘာသာသို့ကူးပြောင်းပြီး သူ၏အမည်ရှေ့တွင် အိုမာ ထည့်သွင်းလိုက်သည့်အတွက် အိုမာဘွန်ဂိုဖြစ်လာရသည်။ ၁၉၉၃ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပသောအခါ အိုမာဘွန်ဂိုရွေးချယ်ခံရသည်။ ၁၉၉၈ခုနှစ် သမ္မတရွေးကောက်ပွဲတွင် သမ္မတသက်တမ်းနောက်ထပ်ခုနစ်နှစ်အတွက် ပြန်လည်ရွေးချယ်ခံရသည်။

၂၀၀၃ခုနှစ် ဇူလိုင်လတွင် သမ္မတအိုမာဘွန်ဂိုအား အလိုရှိသလောက် ရွေးကောက်ပွဲ ပြန်ဝင်ခွင့်ပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုက်သည်။

၂၀၀၅ခုနှစ် နိုဝင်ဘာ သမ္မတရွေးကောက်ပွဲတွင် အိုမာဘွန်ဂိုပြန်လည်ရွေးချယ်ခံရသည်။ ၂၀၀၆ခုနှစ် ဒီဇင်ဘာ ပါလီမန်ရွေးကောက်ပွဲတွင် သူ၏ပါတီကအနိုင်ရသည်။

> **ဤနိုင်ငံ၌ လူမျိုးစုပေါင်း ၄၀ ကျော် မှီတင်းနေထိုင်သော်လည်း အခြားသော အာဖရိကနိုင်ငံများရင်ဆိုင်ရသည့် ပဋိပက္ခ ဖိစီးနှိပ်စက်မှု အမျိုးမျိုးမှ ကင်းလွတ်လျက် ပကတိအေးချမ်း တည်ငြိမ်လျက်ရှိ။**

၂၀၀၈ခုနှစ် ဇန်နဝါရီ၌ အင်န်ဂျီအိုအဖွဲ့ ၂၀တို့ နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်မှုဖြင့် ယာယီအပိတ်ခံရသည်။

တင်မြှောက်

သမ္မတအိုမာဘွန်ဂိုသည် အာဖရိကတိုက်တွင် ရာထူးသက်တမ်းအရှင်ဆုံး နိုင်ငံအကြီးအကဲဖြစ်သည်။ လွတ်လပ်ရေးရစ နိုင်ငံတော်အကြီးအကဲ သမ္မတလီယွန်အမ်ဘာကို ရာထူးဆက်ခံပြီး ၂၀၀၅ခုနှစ်ကုန်ပိုင်းတွင် သမ္မတရာထူးသက်တမ်းအတွက် ထပ်မံရွေးချယ်တင်မြှောက်ခံရသူဖြစ်သည်။ ထို့နောက် ကြိုက်နှစ်သက်သလောက်အကြိမ် အကန့်အသတ်မရှိ သမ္မတရွေးကောက်ပွဲ၌ ပြန်လည်အရွေးခံခွင့်ရထားသည့် သမ္မတဖြစ်သည်။

ထုတ်ဖော်

သမ္မတအိုမာဘွန်ဂိုသည် နိုင်ငံတော်တည်ငြိမ်မှုရှိအောင် ထိန်းသိမ်းရသူအဖြစ် သူ့ကိုယ်သူခံယူပြီး ထုတ်ဖော်ကြေညာထားသူဖြစ်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အားပေးသူအဖြစ် ဂုဏ်ပြုမှတ်တမ်းတင်ခံရသူဖြစ်သည်။

၂၀၀၉ ခုနှစ် ဇွန်လတွင် သမ္မတ အိုမာဘွန်ဂို ကွယ်လွန်သည်။ ထိုနှစ် စက်တင်ဘာ သမ္မတရွေးကောက်ပွဲတွင် ၎င်း၏သား အလီဘင်ဘင်ဂို အနိုင်ရကာ သမ္မတရာထူးကို ဆက်ခံလိုက်သည်။

ရေနံတင်ပို့ရောင်းချရမှုနှင့် လူဦးရေနည်းပါးမှုတို့ကြောင့် အိမ်နီးချင်းနိုင်ငံများနှင့်ယှဉ်လျှင် တစ်ဦးချင်း ဝင်ငွေမြင့်မားသည်။ သို့သော် ပြည်သူအများစုမှာ ဆင်းရဲလျက်ပင်ရှိသေးသည်။ မြို့ပြနှင့်တောနေလူတန်းစားတို့၏ ဆင်းရဲချမ်းသာကွာဟချက်ကကြီးမားဆဲဖြစ်သည်။

ဤနိုင်ငံသည် သဘာဝနှင့်တောရိုင်းတိရစ္ဆာန်များကို စိတ်ဝင်စားသည့် ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်စွမ်းရှိသည့်အတွက် ယင်းလုပ်ငန်းက နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးရန် များစွာအထောက်အကူဖြစ်နိုင်ပေသည်။ ။

ကိုးကား-အင်တာနက် **တိုးရေးသားသည်**

ကမ္ဘာ့စွမ်းဆောင်မှု အကောင်းဆုံးကလေးငယ်များ

မောင်မောင်မြင့်ဆွေ စုစည်းသည်

စာမျက်နှာဖွဲ့စည်းမှု - အေးအေးဝင်း (မြန်မာ့အလင်း)

ကမ္ဘာပေါ်တွင် ကလေးငယ်များစွာရှိသည့်အနက် စွမ်းဆောင်မှုအကောင်းဆုံး ကလေးငယ်အချို့ကို စုစည်းဖော်ပြလိုက်ပါသည်-

အသက်အငယ်ဆုံး ရောင်းတန်းဝင် ပန်းချီဆရာ

အင်္ဂလန်နိုင်ငံ ဟို့လ်မြို့သား အသက်ခုနစ်နှစ်အရွယ် ကီရွန်ဝီလ်လီရမ်ဆန်အမည်ရှိ ကလေးငယ်သည် ရေဆေးအရောင် ၁၆ မျိုးကိုအသုံးပြုကာ အချိန် ၁၄မိနစ်အတွင်း ပန်းချီကားတစ်ချပ်ကို ရေးဆွဲခဲ့သည်။ (ဝဲပုံ)

ယင်းပန်းချီကားကို ပေါင် ၁၇၀၀၀ဖြင့် ရောင်းချနိုင်ခဲ့သဖြင့် ကမ္ဘာပေါ်တွင် ရောင်းတန်းဝင်ပန်းချီကားကို အမြန်ဆုံးရေးဆွဲနိုင်သည့် ကမ္ဘာ့အသက်အငယ်ဆုံး ရောင်းတန်းဝင် ပန်းချီဆရာအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အင်တာနက်)**

ကမ္ဘာ့အသန်မာဆုံး အမျိုးသမီးငယ်

အမေရိကန်နိုင်ငံ အယ်လ်ကိုမြို့သူ အသက် ၁၃နှစ်အရွယ် ဂျက်ကွီလိုင်းဝီနက်စ်သည် အလေးချိန် ၃၀၈ပေါင်ကို လက်နှစ်ဖက်ဖြင့် လွယ်ကူစွာ မ,ပြနိုင်ခဲ့သဖြင့် ကမ္ဘာ့အသက်အငယ်ဆုံး၊ အသန်မာဆုံးအမျိုးသမီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ယာပုံ) (အင်တာနက်)

တောင်ပံတပ်အင်ဂျင်ဖြင့် အမြင့်ဆုံးခုန်ဆင်းနိုင်သည့်ကလေးငယ်

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ နော့တင်းဟေးလ်အရပ်မှ အသက်ရှစ်နှစ်အရွယ် တိုက်ဂါးဘရီဝါအမည်ရှိ ကလေးငယ်သည် တောင်ပံတပ်အင်ဂျင်ကို ခန္ဓာကိုယ်၌ ချည်နှောင်ကာ အမြင့်ပေ ၁၀၀၀ ကျော်မှ မြေပြင်သို့ခုန်ချနိုင်ခဲ့သဖြင့် ကမ္ဘာပေါ်တွင် အသက်အငယ်ဆုံး တောင်ပံတပ်အင်ဂျင်ဖြင့် ခုန်ချနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အပေါ်ပုံ)**

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်း၊အေးသန္တာသိန်းနှင့်မြကေခိုင်စိုး

ရှားတောမြို့တွင်း ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းဆောင်ရွက်

ရှားတော ဒီဇင်ဘာ ၂၃

ကယားပြည်နယ် လွိုင်လင်ခရိုင် ရှားတောမြို့နယ်၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သော ရှားတောမြို့တွင်း ကတ္တရာလမ်းပေ ၁၄၅၀အား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၁၆ရက် နံနက် ၁၁နာရီက ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖေသိန်း၊ လွိုင်ကော်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ(**အပေါ်ပုံ**) မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုးဦးတို့က ရှင်းလင်းတင်ပြကြသည်။ အဆိုပါလမ်းမှာ ကျောက်စီခင်းခြင်း၊ လမ်းဘေးရေမြောင်းတူးခြင်း၊ လမ်းပခုံးပြုလုပ်ခြင်း ပေ ၉၀၀ ပြီးစီးနေပြီဖြစ်သည်။ **(မြို့နယ်စည်ပင်)**

ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်/ဆက်ရုံး၌ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးမှ ကြီးမှူး၍ ကျေးလက်စာကြည့်တိုက်များအတွက် အလှူရှင်များက စာအုပ်၊ စာစောင်များ လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ရက် နံနက် ၁၁နာရီက ခရိုင်ရုံး စာကြည့်တိုက်၌ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက အမှာစကားပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော Inforithm Maze Co.,Ltd.က ငွေကျပ် ၆၁၈၆၀၀၀ တန်ဖိုးရှိ ဂျာနယ်၊ မဂ္ဂဇင်းများကိုလည်းကောင်း၊ ဦးဆန်းလွင်ဦး မြသရဖူ စာပေနှင့်အနုပညာလုပ်ငန်းမှ ငွေကျပ် ကိုးသိန်းတန်ဖိုးရှိ ဝတ္ထုမျိုးစုံ ၁၆၀၅အုပ်ကိုလည်းကောင်း၊ ဦးသန်းမောင် ပန်းတိုင်စာပေမှ တတိယအကြိမ် ငွေကျပ် ၂၃၂၅၀၀ တန်ဖိုးရှိ ပညာရပ်မျိုးစုံ အုပ် ၅၅၀ကိုလည်းကောင်း၊ AA Medical Products Co.,Ltd.·ကဂျာနယ်စုံ ၄၅၃၅ စောင်နှင့် မဂ္ဂဇင်းစုံ ၂၁၁၄အုပ် **(အောက်ပုံ)** တို့ကိုလည်းကောင်း ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များ လှူဒါန်းကြရာ ရန်ကုန်အနောက်ပိုင်းခရိုင် ဦးစီးအရာရှိ ဦးစန်းလွင်ဦးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

လှူဒါန်း

အဆိုပါ လှူဒါန်းပွဲတွင် အလှူရှင် လေးဦးတို့က ငွေကျပ် ၁၀၁၈၉၅၀၀ တန်ဖိုးရှိ စာအုပ်၊ စာစောင်အုပ် ၂၀၉၀၀ တို့ကိုပေးအပ်လှူဒါန်းကြသည်။

(ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီရေး ရွှေပြည်သာမြို့နယ် (၁၄)ရပ်ကွက်၌ ဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၂၅

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာအုပ်စာစောင်များ တိုးပွားရေး၊ စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၂ရက် နံနက် ၁၁နာရီက ရွှေပြည်သာမြို့နယ် အမှတ်(၁၄)ရပ်ကွက်ရှိ ဓမ္မပါလ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဆွေးနွေးပြောကြား

အဆိုပါ အခမ်းအနားတွင် အမှတ်(၁၄)ရပ်ကွက်အတွင်းရှိ စာကြည့်တိုက်သုံးတိုက်မှ ကော်မတီဝင်များ တက်ရောက်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အုံးညွန့်က စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေး၊ စာငှားကတ်စနစ် ကျင့်သုံးဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေကျင်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဒီဇင်ဘာ ၂၅

ရွှေကျင်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၉ခုနှစ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၄ရက် (တနင်္ဂနွေနေ့)တွင် ရွှေတိဂုံဘုရား တောင်ဘက်မုခ် ရွှေကျင်မြို့နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသက်(၈၀)နှင့်အထက် အသင်းဝင်များ၊ အသင်းဝင်များ၏ အသက်(၈၀)နှင့်အထက်မိဘများ၊ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အသင်းဝင်နှင့်အသင်းဝင် သားသမီးများ၊ အထောက်အထားများဖြင့် ဇန်နဝါရီ ၁၅ရက်နောက်ဆုံးထား၍ ရွှေကျင်မြို့နယ် ဓမ္မာရုံရှိအသင်းရုံး ဖုန်း-၂၄၁၈၃၀သို့ သတင်းပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ *(မြန်မာ့အလင်း)*

ကျေးရွာစာကြည့်တိုက်ဆောက်လုပ်မှု မိုင်းဆတ်မြို့နယ်၌ ကွင်းဆင်းစစ်ဆေး

မိုင်းဆတ် ဒီဇင်ဘာ ၂၄

မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် မယ်နင်ကျေးရွာအုပ်စု နောင်ဖာကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်လျက်ရှိသော စာကြည့်တိုက် အဆောက်အအုံ ဆောက်လုပ်နေမှုကို ဒီဇင်ဘာ ၂၁ရက်က မိုင်းဆတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းငွေ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စိုးဝင်းနှင့် နယ်မြေစည်းရုံးရေး တာဝန်ခံဦးလှမျိုးအောင် (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ခရိုင်ဦးစီးအရာရှိနှင့်အဖွဲ့သည် ကျေးရွာဥက္ကဋ္ဌဦးတင်မြင့်နှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ဆောက်လုပ်လျက်ရှိသော စာကြည့်တိုက်ကို သတ်မှတ်ရက်အတွင်း ဆောက်လုပ်ပြီးစီးရေးတို့ကို ရှင်းလင်းဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေး ကလေးမြို့၌ ဆောင်ရွက်

ကလေး ဒီဇင်ဘာ ၂၃

ကလေးမြို့နယ် မီးသတ်ဦးစီးဌာန၏ မီးငြိမ်းသတ်ရေး လက်တွေ့လေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၁၇ရက် နံနက် ၉နာရီက ကလေးမြို့ မြန်မာ့ရေနံထွက်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၆၈၁)တွင်ကျင်းပရာ မီးသတ်ဦးစီးအရာရှိ ဦးဌေးဝေနှင့် စက်သုံးဆီအရောင်းဆိုင် မန်နေဂျာ ဦးဗိုလ်နိုင်တို့ တက်ရောက်ကြပြီး မြို့နယ်မီးသတ်ဦးစီးဌာနနှင့် စက်သုံးဆီ အရောင်းဆိုင်တို့မှ ဝန်ထမ်းများက မီးငြိမ်းသတ်မှု သရုပ်ပြခြင်း၊ လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် မီးသတိမူရေး ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းများ ပြုလုပ်ခဲ့သည်။

(ခရိုင် ပြန်/ဆက်)

မရမ်းကုန်းမြို့နယ်၌ မူခင်းအသိပညာပေးဟောပြော

ရန်ကုန် ဒီဇင်ဘာ ၂၅

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး၏ ဦးဆောင်မှု၊ ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုတို့ဖြင့် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အောင်ဓမ္မာရုံတွင် လည်းကောင်း၊ အမှတ်(၂)ရပ်ကွက် အထက(၂) စန္ဒိမာခန်းမတွင်လည်းကောင်း ဒီဇင်ဘာ ၁၈ရက်က မူခင်းအသိပညာပေး ဟောပြောပွဲများကျင်းပသည်။

ဟောပြော

မူခင်းကြိုတင်ကာကွယ်ရေးနှင့် မူခင်းကျဆင်းရေးတွင် ပြည်သူများမှ ပူးပေါင်းဆောင်ရွက်ရန် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဝင်းကလည်းကောင်း **(အပေါ်ပုံ)**၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ကိစ္စများ၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် အိမ်နီးနားချင်းစောင့်ရှောက်မှုစနစ် ထွန်းကားရေးအကြောင်းများကို ဘုရင့်နောင်ရဲတပ်ဖွဲ့စခန်း စခန်းမှူး ရဲအုပ်နိုင်ဝင်းကလည်းကောင်း၊ လူမှောင်ခိုကုန်ကူးမှုနှင့် လောင်းကစားဥပဒေအကြောင်း သိမှတ်ဖွယ်ရာများကို နယ်ထိန်းဒုရဲအုပ် စိုးမြင့်နိုင်ကလည်းကောင်း အသိပညာပေး ဟောပြောကြသည်။ **(၁၁၁)**

ကတ္တရာခင်း

ပုတာအိုမြို့ မြို့မရပ်ကွက်ရှိ အိမ်တွင်းမှုလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို နိုဝင်ဘာ ၂၀ရက်က ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ပုတာအိုမြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်တို့ ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဝင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြစဉ်။(မြို့နယ်စည်ပင်)

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် အမှတ်(၉၂) သစ်စက်တွင် ဒီဇင်ဘာ ၂၀ရက်က စက်ရုံမှူး ဦးစိုးခိုင်နှင့် ဝန်ထမ်းများ၊ စက်ရုံသီးသန့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးဦးချစ်ကိုဝင်းနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးဇော်ဝင်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်တားဆီးရေး သရုပ်ပြလေ့ကျင့်စဉ်။ (၁၈၀)

မီးသတိပြု

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဂူကြီးကုန်း ကျေးလက်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ၂ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းသန့်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ငွေချည်(၆) ချည်မျှင်ရှည်ဝါများ
နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ တိုးချဲ့စိုက်ပျိုး

သတင်းဆောင်းပါး - ညီညီထွန်း (သတင်းစဉ်) ✧ သတင်းဓာတ်ပုံ - ထိန်နန်နော် (သတင်းစဉ်) ✧ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

နေပြည်တော် ဒီဇင်ဘာ ၂၅

လူသားတစ်ဦး၏ နေ့စဉ် ဘဝရှင်သန်ရပ်တည်ရေးအတွက် စားဝတ်နေရေးသည် များစွာအရေးပါသည်။ စား၊ ဝတ်၊ နေရေး ကဏ္ဍသုံးရပ်အနက် စားရေးကဏ္ဍသည် နံနက်မိုးသောက် အလင်းရောက်သည်မှ အစပြု၍ နိစ္စဓူဝ အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်ပေသည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ✻

ဝါစိုက်တောင်သူများအတွက် အထွက်နှုန်းကောင်းပြီး စီးပွားဖြစ်ထွန်းနေသော ငွေချည်(၆) ချည်မျှင်ရှည်ဝါပင်။ (သတင်းစဉ်)

မြန်မာအိုင်စီတီ ရက်သတ္တပတ်ပြပွဲကြီး ခင်းကျင်းပြသရာ ရတနာပုံ Cyber Hall ခန်းမကြီးကို ဤသို့ သပ်ရပ်ခံ့ညားစွာ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

ထူးခြားဆန်းသစ်သော မြန်မာအိုင်စီတီ ရက်သတ္တပတ်ပြပွဲကြီး
ပြင်ဦးလွင် ရတနာပုံဆိုက်ဘာစီးတီးတွင် ဖွင့်လှစ်ပြသပြီ

သတင်းခရီးသည်-မြင့်မောင်စိုး ✧ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း) ✧ စာမျက်နှာဖွဲ့စည်းမှု လဲ့လဲ့ဝင်း (မြန်မာ့အလင်း)

နေပြည်တော် ဒီဇင်ဘာ ၂၅

မျက်မှောက်ခေတ်တွင် အိုင်တီနည်းပညာများ ကမ္ဘာနှင့်အဝန်း အံမခန်း တိုးတက်ပြောင်းလဲလျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် အိုင်တီနည်းပညာများ ကမ္ဘာနှင့်အမီ ရင်ပေါင်တန်းနိုင်ရန်အတွက် ကွန်ပျူတာတက္ကသိုလ်ကြီးများ နိုင်ငံတစ်ဝန်း ဖြန့်ကြက်တည်ဆောက် ဖွင့်ပေးခဲ့ပြီး အိုင်တီအတတ်ပညာရှင်များ မွေးထုတ်ပေးလျက်ရှိသည်။ *စာမျက်နှာ ၉ ကော်လံ ၃* ❍